ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီ ၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၀ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 23 April 2019 ၉၆၂၈

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk Aviation Plant နှင့် Irkutsk မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Irkutsk Aviation Plant အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် Irkutsk Aviation Plant ၌ လေယာဉ်များ ထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk Aviation Plant သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် Irkutsk Aviation Plant ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လေယာဉ်များ ထုတ်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လေယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk မြို့အတွင်းရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

ကြေးမုံ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

**အပူချိန်ပြင်းထန်မှုကြောင့် ငါးမွေးမြူရေးကန်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် စောင့်ကြည့်ရန်လို**

စာမျက်နှာ » ၁၁

**ကနီမြို့နယ် စဖိုကြီး ရေတံခွန်ကို ခရီးသွားနေရာသစ် ဖော်ဆောင်ရန် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စတင်**

စာမျက်နှာ » ၂၂





## ကြေးမုံ

# အသိအမြင်ဗဟုသုတဆင်ခြင်ပွားတိုး

ဗာဟုသစ္စ အကြားအမြင်ဗဟုသုတတိုးပွားခြင်းသည် မင်္ဂလာတရားပင်ဖြစ်သည်။ ကြီးပွားချမ်းသာကြောင်းဖြစ်သော လောကီ၊ လောကုတ္တရာ အကြားအမြင် ဗဟုသုတများခြင်းသည် ဗာဟုသစ္စ မင်္ဂလာမည်ပါပေသည်။ ထို့ကြောင့် အကြားအမြင်ဗဟုသုတပွားတိုးအောင် နေ့စဉ်ကျင့်ကြံကြိုးကုတ် အားထုတ်သင့်သည်။

အသိအလိမ္မာ အတတ်ပညာဗဟုသုတဟူသည် အသက်ထက်ဆုံး၊ လူ့ဘဝကာလပတ်လုံး ကြည်လင်အေးမြ ချမ်းသာခွင့်ရရေးအတွက် အသိပညာဗဟုသုတများကို သင်ကြားနာယူ မှတ်သားနေရခြင်းဖြစ်သည်။ ပညာဗဟုသုတသည် မိမိဘဝတစ်ခုလုံးအတွက် ဝမ်းစာဖြစ်သည်။ မိမိဘဝရေရှည်ကောင်းမြတ်ရေးအတွက် ကိုယ်ခံဆေးဝါးကောင်းတစ်ခွက်နှင့်လည်း တူပါပေ၏ဟု ရှေးရှေးပညာရှိများက မှတ်တမ်းတင်ခဲ့သည်။

ဗဟုသုတပညာတို့ကိုဆည်းပူးသည့်အခါ မှတ်မှတ်သားသား လေ့လာလိုက်စား၍ နေ့ရောညပါ အခါမလပ် အပတ်တကုတ်ကြိုးစားအားထုတ်လုံ့လပြုကြရသည်။ ဗဟုသုတပညာ အလိုရှိသူတိုင်းသည် ဗဟုသုတရှိသူများထံ ချဉ်းကပ်နိုင်မှသာ မိမိရရှိလိုသော ဗဟုသုတများ ဧကန်ရရှိနိုင်သည်။ မိမိတို့အတွက် ဗဟုသုတပညာရရှိရေးတွင် ဗုဒ္ဓတရားတော်ပါ အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်လာနည်းလမ်းလေးသွယ်ဖြင့် ချဉ်းကပ်ဆည်းပူးသင့်သည်။

ယင်းနည်းလမ်းလေးသွယ်သည်ကား ဦးစွာသပ္ပုရိသ သံသေဝဟူသည့် ဗဟုသုတပညာကြွယ်ဝသူများအား ရှာမှီးချဉ်းကပ်ခြင်းပင်ဖြစ်သည်။ ဗဟုသုတပညာ ရှာမှီးလိုသူများသည် အသိပညာဗဟုသုတကြွယ်ဝသူများထံ ချဉ်းကပ်မှသာ မိမိအလိုရှိသော ဗဟုသုတများကို ရရှိနိုင်ပေသည်။ ဗဟုသုတပညာရှိသူများနှင့် လွဲနေလျှင်ကား မိမိရယူလိုသော ဗဟုသုတများနှင့် လွဲနေဦးမည်ဖြစ်သည်။

ဒုတိယအချက်ကား သဒ္ဓမ္မဿဝနဟူသည့် ဗဟုသုတပညာရှိသူများ၏ ဟောပြောပို့ချချက်များကို မှတ်သားနာခံတတ်ရန်ဖြစ်သည်။ ဗဟုသုတအလိုရှိသူများသည် ဗဟုသုတရှိသူများ၏ ဟောပြောပို့ချချက်များကို မှတ်သားနာယူခြင်းမရှိပါက မိမိရရှိလိုသော ဗဟုသုတတို့နှင့် အလှမ်းဝေးနေဦးမည် ဖြစ်သည်။ ထိုသို့မှတ်သားနာယူရာ၌ ယောနိသောမနသိကာရဖြစ်ဖို့ အထူးလိုအပ်ပေသည်။

ယောနိသောမနသိကာရဟူသည် ဗဟုသုတရှိသူများ၏ ဟောပြောပို့ချချက်များအပေါ် သင့်တင့်သောအားဖြင့်တွေးခေါ်သုံးသပ် ဆင်ခြင်တတ်ရန်ဖြစ်သည်။ ဗဟုသုတရှိသူများ၏ ဟောပြောပို့ချချက်များအပေါ် သင့်၏၊ မသင့်၏ တွေးခေါ်စဉ်းစားတတ်ရန်နှင့် မသင့်သောအားဖြင့် တွေးခေါ်မိပါက အကျိုးပေးကောင်းသော ဗဟုသုတနှင့်အလှမ်းဝေးမည်ဖြစ်သည်။

ထို့ထက်ဆိုးသည်ကား ဆန့်ကျင်ဘက်တွေးခေါ်မိသဖြင့် အထက်သို့မဆန်ဘဲအောက်သို့ စုန်ဆင်းရတတ်သည့်အဖြစ်နှင့် ကြုံတွေ့နိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ နောက်ဆုံးအချက်သည်ကား ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပြီး မှန်ကန်သောနည်းလမ်းကိုညွှန်ပြသည့် ဆရာ၏နည်းကျကျ လိုက်နာကျင့်သုံးတတ်ရေးပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် အသိပညာဗဟုသုတ ရှာမှီးဖွယ်ရာများမှာ များပြားလှသည်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသည့် ဆရာသုံးမျိုးတို့မှာ လောကမျက်နှာစာတွင် ပေါများလှသည်။ ဤလူ့ဘောင်လောကနှင့်ပတ်သက်၍ ဟောပြောပို့ချမှုများမှာလည်း စုံလင်လှသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး ကဏ္ဍပေါင်းစုံ စုံလင်လှသည်။

သို့ဖြစ်ရာ အသိပညာဗဟုသုတအမျိုးမျိုးတို့ကို လက်လှမ်းတမီ အလွယ်တကူရရှိနေသော မျက်မှောက်ကာလဝယ် ပညာဗဟုသုတ ရှာမှီးလိုသူများအနေဖြင့် သပ္ပုရိသသံသေဝနှင့် သဒ္ဓမ္မဿဝန နည်းလမ်းနှစ်သွယ်ဖြင့် မှတ်သားနာယူ ရှာမှီးရမည်ဖြစ်ပြီး ယောနိသောမနသိကာရနှင့် ဓမ္မာနုဓမ္မပဋိပတ္တိနည်းလမ်းနှစ်သွယ်ဖြင့် တွေးခေါ်သုံးသပ်ချဉ်းကပ်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သိန္နီမြို့နယ်နှင့် မူဆယ်မြို့နယ်များအတွင်း စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ရာသီဥတုဖောက်ပြန် ပြောင်းလဲလာခြင်းနှင့်အတူ ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှုများသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိရာ စိုက်ကွင်းများအား မျက်ခြည်မပြတ်ကွင်းဆင်းစစ်ဆေးခြင်း၊ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

ရှမ်းပြည်နယ် သိန္နီမြို့နယ် အောင်မင်္ဂလာခန်းမ၌ မေ ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်သော မိုးသီးနှံများ(FAW) ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေးအတွက် သွင်းအားစုပံ့ပိုးပစ္စည်းများ ထောက်ပံ့ပွဲနှင့် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့် G.A.P လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။




### လက်ခံယူ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆေးဖျန်းပုံး၊ ဆေးဖျန်းဝတ်စုံများနှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ရာ တောင်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ C.P ကုမ္ပဏီမှ လှူဒါန်းသော အစေ့ထုတ်ပြောင်းမျိုးစေ့များနှင့် ဓာတ်မြေသြဇာများကို အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်ကလည်းကောင်း၊ G.A.P အသိအမှတ်ပြုလက်မှတ်များကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းကလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ရှမ်းပြည်နယ်သည် ပြောင်းသီးနှံအများဆုံး စိုက်ပျိုးသည့် ဒေသဖြစ်ပြီး ၂၀၁၈ မိုးရာသီတွင် ပြောင်းစိုက်ဧက ၇၀၀၀၀၀ ခန့်ရှိခဲ့သည်။ စပါး၊ နှံစားပြောင်း၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံများအပါအဝင် သီးနှံမျိုးစိတ် ၈၀ ခန့်တွင် ကျရောက်နိုင်သည့် ဖောင်မြှောင်တောင်သည် ပြောင်းဖူးကို ပိုမိုနှစ်သက်သည့်အားလျော်စွာ မြန်မာနိုင်ငံအနှံ့ရှိ ပြောင်းဧက ၁၃၀၀၀၀တွင် ကျရောက် ဖျက်ဆီးခဲ့ကြောင်း၊ "ဖော" ငမြှောင်တောင် ကျရောက်ဖျက်ဆီးမှုအား သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်များရှိ သီးနှံကာကွယ်ရေးနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အချိန်မီကွင်းဆင်းပြီး ကာကွယ်နှိမ်နင်းခြင်း၊ ပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဥမြုံနှင့် လောက်ကောင်များ ကောက်ယူ၍ ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ပညာပေးဗီနိုင်းပိုစတာများ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့သည့်နည်းတူ ဖောင်မြှောင်တောင် ကျရောက်သည့် ဒေသများသို့ ဓာတုပိုးသတ်ဆေးများ၊ နည်းပညာများ ထောက်ပံ့ပေးခဲ့ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

### ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မူဆယ်မြို့နယ် ရွှေလီရတနာအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ခြင်းလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ရန်၊ မြစိမ်းရောင်ကျေးရွာ (အသားကဏ္ဍ)များ ဆက်လက်ဖော်ဆောင်ရန်၊ နယ်စပ်ဒေသတွင် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရန်နှင့် ဝန်ထမ်းအင်အားဖြည့်တင်းသွားရန်၊ နယ်စပ်ဂိတ်ပေါက်များမှ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တရားမဝင်ဝင်ရောက်မှု ကာကွယ်တားဆီးခြင်းအား ဆက်စပ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် ၁၀၅ မိုင်အနီးရှိ "နမ္မတူမိသားစု နို့စားနွားမွေးမြူရေးခြံ"သို့ သွားရောက်၍ နို့စားနွားနှင့် နို့စားကျွဲ မွေးမြူထားရှိမှုများနှင့် မြက်ချဉ်ဖတ်ပြုလုပ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် ၁၀၅ မိုင်ရှိ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဓာတ်ခွဲခန်း၊ အပင်ပိုးမွှား ဓာတ်ခွဲခန်းနှင့် Plant Quarantine တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးဓာတ်ခွဲခန်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၀၄၃၅၀၀ - ၁၀၄၃၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၃၅၀၀ - ၁၀၄၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၉၀/၉၆၅ ကျပ် | ၉၈၀/၉၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၁၅/၈၉၀ ကျပ် | ၉၀၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၈/၉၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၈/၉၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၈၀/၈၉၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၈.၁ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၈.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၉၆၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၉.၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၅၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၅.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃.၈၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၀.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၆.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် ထွက် စတင်ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

## ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်၊ မိတ်ဆွေကောင်းတစ်ဦးသာဖြစ်

မိမိတို့နိုင်ငံဟာ ခေတ်ဟောင်းစနစ်ဟောင်းကနေ ခေတ်သစ်စနစ်သစ် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလကို စတင်ပြီး ခြေလှမ်းနေကြတာ ဖြစ်ပါတယ်။ တချို့က ပြုပြင်ပြောင်းလဲရေးအတွက် စိုးရိမ်တာတွေရှိပါတယ်။ ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်ပါဘူး။ မိတ်ဆွေကောင်းတစ်ဦးဖြစ်ပါတယ်။ မိမိတို့နိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများအတွက် အခွင့်အခါကောင်း၊ အခွင့်အလမ်းကောင်းဖြစ်တာကို ဌာနဆိုင်ရာအသီးသီးက သိရှိစေလိုပါတယ်။

*(၂၁-၂-၂၀၁၉ ရက်နေ့တွင် ဟားခါးမြို့၌ပြုလုပ်သည့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့၊ လေးစားဖို့ အရေးကြီး

ကျွန်မတို့အစိုးရဟာ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ချင်ပါတယ်လို့ ကျွန်မတို့ပြောပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ အသင့်တော်ဆုံးဖြစ်မယ်လို့ ယူဆလို့ပဲဖြစ်ပါတယ်။ ဒီနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့၊ မတူကွဲပြားမှုတွေအပေါ်မှာ ညီညွတ်မှုကို တည်ဆောက်ရမယ့် နိုင်ငံအတွက်ဆိုရင် ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် လေးစားဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။

*(၅-၂-၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့၌ပြုလုပ်သည့် တာချီလိတ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ် ငါးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်နှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၉/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် The World Bank Group ၏ Global Director နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် The World Bank Group ၏ Finance, Competitiveness and Innovation မှ Global Director, Mr. Alfonso Garcia Mora နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးစဉ် လက်ရှိမြန်မာနိုင်ငံ၏ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အဆိုပါကဏ္ဍများ၌ ကမ္ဘာ့ဘဏ်အနေဖြင့် နည်းပညာအကူအညီများ ဆက်လက်အကူအညီပေးရေးဆိုင်ရာကိစ္စနှင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး (Financial Inclusion) ဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မေ ၂၆ ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ အမှတ် ၂၅၊ ရန်ကုန်-အင်းစိန်လမ်းမကြီး သံလမ်းမှတ်တိုင်အနီး လှိုင်မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် ကျင်းပမည်ဖြစ်သည်။

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲတွင် ဒေါက်တာခင်ပြုံးကြည်၊ ပါမောက္ခထင်အောင်စော၊ ပါမောက္ခယဉ်ယဉ်စိုး၊ ပါမောက္ခမာမာကြည်၊ ဒေါက်တာဝင်းဇော်နှင့် ပါမောက္ခအေးအေးမြင့်တို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် ဒေါက်တာခင်ပြုံးကြည်က "အသည်းရောင်ရောဂါ ဘီနှင့် စီရောဂါများအကြောင်း သိကောင်းစရာ"၊ ပါမောက္ခမာမာကြည်က "တီဘီနှင့် ဆေးယဉ်ပါး တီဘီရောဂါအကြောင်း သိကောင်းစရာ"၊ ဒေါက်တာဝင်းဇော်က "သွေးချို၊ ဆီးချိုရောဂါကာကွယ်ပါ"၊ ပါမောက္ခအေးအေးမြင့်က "သွေးလွန်တုပ်ကွေးရောဂါကာကွယ်ပါ" ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်၍ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

# ဘားအံမြို့ သေဠမာန်အောင်ဘုရားကြီးရင်ပြင်တွင် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ကျင်းပ




**ဘားအံ မေ ၂၂**
ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကို ယနေ့ ည ၇ နာရီ ၄၅ မိနစ်က ကရင်ပြည်နယ် ဘားအံမြို့ရှိ သေဠမာန်အောင်ဘုရားကြီးရင်ပြင်တွင် ကျင်းပရာ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကက နိဗ္ဗာန်ရောက်ကြောင်းတရားဒေသနာတော်ကို ဟောကြားချီးမြှင့်သည်။

**တရားတော် နာယူကြည်ညို**

ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်သို့ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ ၊အလှူရှင်များနှင့် ဘားအံမြို့နယ်ရှိ တရားချစ်ခင်သူတော်စင်များ တက်ရောက်၍ ငြိမ်းချမ်းရေး တရားတော်ကို နာယူကြည်ညိုကြသည်။

ယနေ့ နံနက် ၅ နာရီက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား ထားဝယ်မြို့လောကမာရဇိန်ဘုရားကြီးဓမ္မာရုံ၌ ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက လောကမာရဇိန်ဘုရားကြီးမှ ထားဝယ်မြို့အား လှည့်လည်၍ မြို့အထွက်တိုးဂိတ်သို့ ပင့်ဆောင်ပူဇော်သည်။

ထိုမှတစ်ဆင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိရာ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ကြိုဆို ပင့်ဆောင်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထာဝရငြိမ်းချမ်းရေးရရှိရန်၊ ထေရဝါဒဗုဒ္ဓသာသနာ အဓွန့်ရှည်ထွန်းကားပြန့်ပွားစေရန်နှင့် ခုနစ်ရက်သားသမီးများ ဖူးမြော်ပူဇော်နိုင်ရန် ရည်မှန်းကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော်အား တည်ထားကိုးကွယ်လျက်ရှိပြီး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်များအား တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတို့သို့ ဒေသစာရီလှည့်လည်အပူဇော်ခံလျက်ရှိသည်။

**ဟန်လင်းနိုင်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ရွှေဘိုအကျဉ်းထောင်အတွင်း ဆူပူမှုအား သွားရောက်ညှိနှိုင်းဆောင်ရွက်ပေး



**ရွှေဘို မေ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၂၂ ရက် နံနက် ၈ နာရီခွဲက ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသားများ ဆူပူအော်ဟစ်ကာ လွတ်ငြိမ်းသက်သာခွင့်ရရေးအတွက် တောင်းဆိုရာမှ ထောင်ဆူပူမှု ဖြစ်ပွားခဲ့ကြောင်း ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၂၂ ရက် နံနက် ၈ နာရီခွဲက ရွှေဘိုအကျဉ်းထောင်ရှိ (ကျား)အဆောင်(၁)အကျဉ်းသားများက စတင်၍ ဆူပူအော်ဟစ်ကာ လွတ်ငြိမ်းသက်သာခွင့်ရရေးအတွက် တောင်းဆိုရာမှ အဆောင်(၂)၊ အဆောင်(၃) အလုပ်ရုံသို့ ကူးစက်ပြီး ထောင်ဆူပူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆူပူမှုဖြစ်ပွားရာ ရွှေဘိုအကျဉ်းထောင်သို့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးငွေတိုး ဦးဆောင်သောရဲတပ်ဖွဲ့ဝင် ၄၀ နှင့် ရွှေဘို အကျဉ်းထောင် တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်း ဦးစီးအဖွဲ့နှင့်ပူးပေါင်း၍ စောင့်ကြည့်ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူ၊ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် အဖွဲ့တို့ ရောက်ရှိလာပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအဖွဲ့နှင့်အတူ အိပ်ဆောင်များအတွင်း ဝင်ရောက်၍ အကျဉ်းသားများနှင့် တွေ့ဆုံကာ အကျဉ်းသားများ၏ တင်ပြတောင်းဆိုမှုများအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် အေးချမ်းမှုရရှိခဲ့ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူထံမှ သိရသည်။

**မိုးသောက်(ရွှေဘို)**



အဆိုတော် ဖြူဖြူကျော်သိန်းက မွေးနေ့အမှတ်တရအဖြစ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ လေးခုမြောက် ရေရှည်စီမံကိန်းဖြစ်လာမည့် လရောင်တောစိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်းနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ မေ ၂၂ ရက်က လှူဒါန်းစဉ်။ မြင့်စိုး

**❍ မြန်မာ ယူ-၁၈ မှ**

မြန်မာအသင်းအတွက် ဂိုးများကို မိနစ် ၄၀ တွင် ဝေယံစိုးနှင့် ၆၂ မိနစ်တွင် ပြည့်ဖြိုးအောင်တို့က သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် မတ်လက ယှဉ်ပြိုင်သည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သော်လည်း ယခုပြိုင်ပွဲတွင် ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပတ်လည်ပွဲစဉ်များအပြီးတွင် မြန်မာအသင်းကနှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ဗီယက်နမ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးမှတ်ဖြင့် ဒုတိယ၊ ဟောင်ကောင်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ လေးမှတ်ဖြင့် တတိယရရှိခဲ့သည်။

စင်ကာပူအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းမှာ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

# ဂေါက်သီးစည်းမျဉ်း သင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၂၂**
မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်းဖွင့်လှစ်သော R&A Level-1 Rules Seminar 2019 ကို ယနေ့ နံနက်ပိုင်းက ကိုးမိုင်ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဇာနည်ဝင်း(ငြိမ်း)နှင့် ဗဟိုကော်မတီဝင်များ၊ သင်တန်းပို့ချမည့်နည်းပြများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးမြင့်ဝေ(၁)အား ဂုဏ်ပြုမှတ်တမ်းလွှာအား ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် မြန်မာ့ဂေါက်သီးအားကစားနည်း တိုးတက်လာစေရန်အတွက် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်း၊ ပြည်တွင်းပြိုင်ပွဲများ ကျင်းပခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းတို့ ပြုလုပ်လျက်ရှိသည်။

**သတင်း - ဖိုးသော်ဇင်**
**ဓာတ်ပုံ - ဂေါက်သီးအဖွဲ့ချုပ်**



## တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၄ / ၂၀၁၉ )**
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၆) နှင့် ၂၆.၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီး မြင့်ချို | အစား | ကြည်း ၂၀၉၇၉ ဗိုလ်မှူးကြီး အေးကျော်လင်း |
| ( ၂ ) | ကြည်း ၃၇၈၈၅ ဗိုလ်မှူး မြတ်သူရ | အစား | ကြည်း ၄၁၆၂၈ ဗိုလ်မှူး အောင်ပြည့်ဖြိုး |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၂**
တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၅ / ၂၀၁၉ )**
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၇. ၅. ၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၆)၊ ၁၆. ၅. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၇)၊ ၃၀. ၁၀. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၅/၂၀၁၇) နှင့် ၁၅. ၁. ၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅/၂၀၁၉) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၃၄၀ ဗိုလ်မှူးကျော်မိုးနိုင် | အစား | ကြည်း ၃၀၉၆၆ ဗိုလ်မှူးရဲတင့်အောင် |
| (၂) | ကြည်း ၁၇၀၇၃ ဗိုလ်မှူးချုပ်သက်နိုင် | အစား | ကြည်း ၁၈၂၉၅ ဗိုလ်မှူးချုပ်ညွန့်ဆွေ |
| (၃) | ကြည်း ၂၉၄၈၆ ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင် | အစား | ကြည်း ၃၂၇၆၃ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး |
| (၄) | ရေ ၃၇၇၉ ဒုတိယဗိုလ်မှူးကြီးစိုးနိုင် | အစား | ရေ ၄၀၈၄ ဗိုလ်မှူးတင်ထွဋ် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကိုးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၆ / ၂၀၁၉ )**
၁၃၈၁ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၂. ၂ .၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၇) နှင့် ၁၆ .၅. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| **ကရင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၇၃၈၄ ဗိုလ်ကြီးအောင်မြင့်ထွန်း | အစား | ကြည်း ၅၃၇၈၉ ဗိုလ်ကြီးနေဇော်စိုး |
| **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၂) | ကြည်း ၃၃၄၀၄ ဗိုလ်မှူးအောင်သူရ | အစား | ကြည်း ၂၉၆၇၀ ဗိုလ်မှူးကျော်စိုး |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၃) | ကြည်း ၂၉၆၈၂ ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင် | အစား | ကြည်း ၃၂၃၉၃ ဗိုလ်မှူးရဲဝင်းထွန်း |
| (၄) | ကြည်း ၂၄၉၃၅ ဗိုလ်မှူးမျိုးဟိန်း | အစား | ကြည်း ၄၀၄၇၄ ဗိုလ်မှူး ဝင်းအောင်သန်း |
| (၅) | ကြည်း ၃၆၀၂၃ ဗိုလ်မှူးကျော်ဝင်းထွန်း | အစား | ကြည်း ၃၁၀၀၃ ဗိုလ်မှူးလင်းမင်းလတ် |
| **မွန်ပြည်နယ်လွှတ်တော်** | | | |
| (၆) | ကြည်း ၂၈၀၃၄ ဗိုလ်မှူးဇော်လင်းအောင် | အစား | ကြည်း ၃၁၀၆၈ ဗိုလ်မှူးသက်ခိုင် |
| **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | | | |
| (၇) | ကြည်း ၃၆၄၇၄ ဗိုလ်မှူးကိုကိုလတ် | အစား | ကြည်း ၃၆၄၇၉ ဗိုလ်မှူးသူအောင်ဇော် |
| **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၈) | ကြည်း ၃၆၄၄၃ ဗိုလ်မှူးမျိုးသန့် | အစား | ကြည်း ၃၄၇၁၇ ဗိုလ်မှူးနေဝင်းနောင် |
| (၉) | ကြည်း ၃၃၉၀၀ ဗိုလ်ကြီးတင်ဝင်းနိုင် | အစား | ကြည်း ၅၄၅၂၆ ဗိုလ်ကြီးအောင်ညီထွေး |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၂**
ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့၌ မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုအတွက် ထောက်ပံ့ကြေးငွေပေးအပ်

**ရွှေဘို မေ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးဧက ၁၉၃၅ ဧကအပေါ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဦးခင်မောင်ရွှေ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတေဇာထွန်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒု-ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်ဇာဇာမင်းတို့က ရေကြီးနစ်မြုပ်ခံရသော ကျေးရွာ ၂၀ မှ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ကြေးငွေများ အသီးသီးပေးအပ်ခဲ့သည်။

ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးခဲ့သော ကျေးရွာပေါင်း ၂၀ မှ တောင်သူ ၇၂၀ တို့၏ ပျက်စီးဧက ၁၉၃၅ ရှိရာ နွေစပါးတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်း၊ နွေနှမ်းတစ်ဧကလျှင် ငါးသောင်းနှုန်း၊ ပဲတီစိမ်းတစ်ဧကလျှင် ငွေကျပ် ငါးထောင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ကိုးရာငါးဆယ့်နှစ်သိန်းခြောက်သောင်းအား ထောက်ပံ့ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။

**မိုးသောက်(ရွှေဘို)**

# ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုမည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) တွင် မြန်မာနိုင်ငံပါဝင်ဆောင်ရွက်နေမှုများ

စောကလျာ(MIFER)

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး အာဆီယံ၏လုပ်ဆောင်ချက်များတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ရပါသည်။ အာဆီယံ၏ အချက်အချာကျမှုကိုအခြေပြု၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် အာဆီယံသည် လွတ်လပ်သော ကုန်သွယ်မှုဒေသများကို ထူထောင်ခဲ့ပါသည်။ ပထမဆုံး ထူထောင်ခဲ့သည့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN Free Trade Area-AFTA) ကို ၂၀၁၈ ခုနှစ်တွင် ထူထောင်ခဲ့ပါသည်။ ယင်း အက်ဖ်တာကြောင့် အာဆီယံ ၁၀ နိုင်ငံအကြား ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာပြီး ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

**စေ့စပ်ညှိနှိုင်းမှုများ စတင်**

အာဆီယံသည် မိမိတို့ ၁၀ နိုင်ငံအတွင်း လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ပြီးသည့်အခါ ဆွေးနွေးဖက်နိုင်ငံ ခြောက်နိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်များကို ဆက်လက်ချုပ်ဆိုပြီး အပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှုဒေသငါးခုကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်း အပေါင်းတစ် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာနိုင်ငံများနှင့် စီးပွားရေးပေါင်းစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစွာဆောင်ရွက်ခြင်းမှ အကျိုးကျေးဇူးများ ပိုမိုရရှိစေရန်အတွက်လည်းကောင်း၊ လွတ်လပ်သောကုန်သွယ်မှုဒေသတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်သည့်အခွင့်အရေးများ ရရှိစေရန်အတွက်လည်းကောင်း အလုံးစုံပါဝင်၍ အဖွဲ့ဝင်နိုင်ငံအားလုံး အကျိုးကျေးဇူးရရှိစေမည့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်သည့် သဘောတူစာချုပ်တစ်ခုချုပ်ဆိုကြရန် ညှိနှိုင်းခဲ့ပါသည်။ စေ့စပ်ညှိနှိုင်းမည့် သဘောတူစာချုပ်ကို ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership- RCEP)ဟု ခေါ်ဆိုကြပြီး ယင်းကို စတင်ရန်အတွက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် RCEP စေ့စပ်ညှိနှိုင်းမှုများ စတင်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုသည်မှာ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ယင်းနှင့် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ပြီးသော ခြောက်နိုင်ငံဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်သည့် ဒေသဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေး သဘောတူစာချုပ်ချုပ်ဆိုရေးအတွက် ညှိနှိုင်းလျက်ရှိသော စေ့စပ်ညှိနှိုင်းမှုတစ်ခုဖြစ်ပါသည်။

RCEP ကို ယခင်ချုပ်ဆိုခဲ့ပြီး၍ ယခုအကောင်အထည်ဖော်လျက်ရှိသည့် အာဆီယံနှင့် တစ်နိုင်ငံချင်းစီ ချုပ်ဆိုခဲ့သော လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (Free Trade Agreements - FTAs) များထက် ပိုမိုခေတ်မီပြည့်စုံမှုရှိပြီး အရည်အသွေးမြင့်မား၍ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ဖြစ်လာစေရန်နှင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

RCEP သဘောတူစာချုပ်သည် ကမ္ဘာ့လူဦးရေ၏ ၄၅ ရာခိုင်နှုန်းကို ကိုယ်စားပြုနေပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းနှင့် GDP ၏ သုံးပုံတစ်ပုံရှိသည့်အတွက် RCEP ကို ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးအုပ်စုကြီးများတွင် တစ်ခုအပါအဝင်ဖြစ်လာစေရန် မျှော်မှန်းထားပါသည်။

စေ့စပ်ညှိနှိုင်းမှုများကို ၂၀၁၃ ခုနှစ်မှ စတင်ခဲ့ရာ ယနေ့အထိ RCEP ထိပ်သီးအစည်းအဝေး နှစ်ကြိမ်၊ RCEP ဝန်ကြီးများအစည်းအဝေး ခြောက်ကြိမ်၊ RCEP ဝန်ကြီးများ ကြားဖြတ်ညှိနှိုင်းအစည်းအဝေး ခုနစ်ကြိမ်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီနှင့်ဆက်စပ်လုပ်ငန်းအဖွဲ့၊ အဖွဲ့ခွဲများအစည်းအဝေး ၂၅ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ဆွေးနွေးညှိနှိုင်းမှုပြုရာတွင် ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီနှင့် ယင်းအောက်ရှိ လုပ်ငန်းအဖွဲ့ ကိုးခုနှင့် လုပ်ငန်းအဖွဲ့ခွဲ ခုနစ်ခုတို့ ညှိနှိုင်းလျက်ရှိပါသည်။

RCEP သဘောတူစာချုပ်ကို ဘာသာရပ်အားလုံး ထည့်သွင်းပါဝင်သည့် စာချုပ် (single undertaking) အနေဖြင့် ချုပ်ဆိုမည်ဖြစ်ပါသည်။ စေ့စပ်ညှိနှိုင်းမှုအနေဖြင့် ဈေးကွက်ဖွင့်လှစ်ပေးရေးအပိုင်းတွင် ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ပါဝင်ပြီး Rule based အပိုင်းတွင် စာချုပ်တွင်ထည့်သွင်းမည့် စာသားများကို ညှိနှိုင်းသည့် အပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး ညှိနှိုင်းလျက်ရှိပါသည်။

၂၀၁၃ ခုနှစ်မှ စတင်ညှိနှိုင်းခဲ့ရာ ယနေ့အချိန်အထိ ခြောက်နှစ်နီးပါးရှိပြီဖြစ်ပါသည်။ လက်ရှိအခြေအနေအနေဖြင့် ဈေးကွက်ဖွင့်လှစ်ပေးရေးအပိုင်းတွင် ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ် သုံးခုစလုံးအပေါ်တွင် အဖွဲ့ဝင်နိုင်ငံအားလုံးမှ ၄၅ ရာခိုင်နှုန်းခန့် သဘောတူညီပြီးဖြစ်ပြီး ၄၅ ရာခိုင်နှုန်းခန့်သည် ယခုနှစ်အတွင်း သဘောတူညီမှုရရှိနိုင်မည်ဖြစ်ရာ ၂၀၁၉ ခုနှစ်တွင် ညှိနှိုင်းမှုများ၏ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးမည်ဖြစ်ပါသည်။

စာသားညှိနှိုင်းမှုအပိုင်းတွင် လက်ရှိအချိန်အထိ စာချုပ်တွင် အခန်း ၂၀၊ နောက်ဆက်တွဲ ရှစ်ခုနှင့် Preamble တစ်ခုတို့ ပါဝင်ပြီး အဓိကဆွေးနွေးညှိနှိုင်းလျက်ရှိသည့် ဘာသာရပ်များမှာ ကုန်စည်ကုန်သွယ်ရေး၊ ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ အကောက်ခွန်အစီအစဉ်နှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားရောဂါကင်းစင်စေရေး၊ စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ အကဲဖြတ်အစီအစဉ်များ၊ ကုန်သွယ်ရေးကုစားမှု၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ငွေရေးကြေးရေး ဝန်ဆောင်မှု၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ယှဉ်ပြိုင်မှု၊ အသိဉာဏ်ပစ္စည်း၊ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ အစိုးရဝယ်ယူရေး၊ အငြင်းပွားမှု ဖြေရှင်းရေး စသည့်ကိစ္စရပ်များ ပါဝင်ပါသည်။ ယနေ့အထိ အခန်း ခုနစ်ခန်း အပြီးသတ်ခဲ့ပြီး ကျန်အခန်းများအနက် အခန်း နှစ်ခန်းသည် ဘာသာရပ်ဆိုင်ရာများ ညှိနှိုင်းပြီးဖြစ်ပါသည်။

**ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုသည်မှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ယင်းနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ပြီးသော ခြောက်နိုင်ငံဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်သည့် ဒေသဆိုင်ရာ လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေး သဘောတူစာချုပ်ချုပ်ဆိုရေးအတွက် ညှိနှိုင်းလျက်ရှိသော စေ့စပ်ညှိနှိုင်းမှုတစ်ခုဖြစ်**

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် RCEPထိပ်သီးအစည်းအဝေး၌ စေ့စပ်ညှိနှိုင်းမှုအားလုံးကို ၂၀၁၉ ခုနှစ်တွင် အပြီးသတ်ရန် လမ်းညွှန်ထားသည့်အတွက် RCEP စေ့စပ်ညှိနှိုင်းမှုများကို ယခုနှစ်တွင် အပြီးသတ်နိုင်ရန် ရည်မှန်းထားပါသည်။

RCEP ကို ညှိနှိုင်းရာတွင် Guiding Principles and Objectives for Negotiating the RCEP ကို ဝန်ကြီးများကအတည်ပြုခဲ့ပြီး ယင်းအရ ပါဝင်သောနိုင်ငံများ၏ မတူညီသော ဖွံ့ဖြိုးမှုအခြေအနေကို ထည့်သွင်းစဉ်းစားပြီး သက်ဆိုင်သည့် လက်ရှိအာဆီယံ အပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်များနှင့်အညီ အထူးနှင့်ခြားနားအခွင့်အရေး (Special and Differential Treatment) အတွက် ပြဋ္ဌာန်းချက်များအပြင် သင့်လျော်သည့် ဖြေလျှော့မှုပုံစံများ၊ ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများကို ထပ်မံဖြေလျှော့မှုပေးသည့် (Additional Flexibility) ကို အသုံးပြုပြီး ညှိနှိုင်းလျက်ရှိပါသည်။ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့က ပူးပေါင်းလိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်နေသေးသည့် ကိစ္စရပ်များမှာ ဆောင်ရွက်ရန် မလိုအပ်ကြောင်းနှင့် ပြင်ဆင်ချိန် (Transition Period) များပေးပြီး လိုက်ပါဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများ ရရှိထားပါသည်။

RCEP ကို ဆွေးနွေးညှိနှိုင်းမှုပြုရာတွင် အဓိက စေ့စပ်ညှိနှိုင်းနေသည့် အဆင့်မှာ ညွှန်ကြားရေးမှူးချုပ်နှင့် အောက်အဆင့်များ ပါဝင်ညှိနှိုင်းနေသော ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီနှင့် ယင်းအောက်ရှိ လုပ်ငန်းအဖွဲ့ ကိုးခုနှင့် လုပ်ငန်းအဖွဲ့ခွဲ ခုနစ်ခုတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေး ညှိနှိုင်းလျက်ရှိပါသည်။ လုပ်ငန်းအဖွဲ့/အဖွဲ့ခွဲအလိုက် တာဝန်ယူညှိနှိုင်းလျက်ရှိသောဌာနများမှာ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ဖြစ်ပါသည်။

ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီအဆင့်တွင် သဘောတူညီမှုမရရှိသည့် ကိစ္စရပ်များကို ဝန်ကြီးအဆင့်အစည်းအဝေးသို့တင်ပြပြီးလမ်းညွှန်မှုခံယူ၍ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို ဝန်ကြီးအဆင့်အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ RCEP ဝန်ကြီးအဖြစ်ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးလျက်ရှိပါသည်။ ထိပ်သီးအစည်းအဝေးသည် အမြင့်ဆုံးအဆင့် အစည်းအဝေးဖြစ်ပြီး ၁၆ နိုင်ငံမှ အကြီးအကဲများ တက်ရောက်ပြီး လမ်းညွှန်ချက်များ ချမှတ်ပေးပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံ့အကြီးအကဲများလည်းတက်ရောက်ပြီး RCEP စေ့စပ်ညှိနှိုင်းမှုများမှာ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများနည်းတူ ပါဝင်နိုင်ရေးအတွက် လမ်းညွှန်မှုများပေးလျက်ရှိပါသည်။

**ကြားဖြတ်ညှိနှိုင်းအစည်းအဝေး**

မကြာသေးမီက ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိ(ပ်)မြို့တွင် ပြုလုပ်ခဲ့သည့် (၇)ကြိမ်မြောက် RCEP ဆိုင်ရာ ဝန်ကြီးများ၏ ကြားဖြတ်ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီမှ တင်ပြသည့် အစီရင်ခံစာအရ ဝန်ကြီးများက အဆုံးအဖြတ်ပေးရမည့် အထူးကိစ္စရပ်များအပေါ် လမ်းညွှန်မှုပေးခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်များ၏ လမ်းညွှန်ချက်နှင့်အညီ RCEP ညှိနှိုင်းမှုများကို ၂၀၁၉ ခုနှစ်တွင် အပြီးသတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုထည့်သွင်းထားသည့် RCEP Work Plan 2019 ကို အတည်ပြုနိုင်ခဲ့ပါသည်။

RCEP သည် ပိုမိုကျယ်ပြန့်သော ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုတစ်ခုဖြစ်သည့်အတွက် "noodle bowl" effect ဟုခေါ်သော နှစ်နိုင်ငံနှင့် ဒေသတွင်း သဘောတူညီမှုများထပ်နေသည့် အနေအထားကို ပြေလည်စေမည်ဖြစ်ပါသည်။ ထို့အပြင် RCEP သည် ဈေးကွက်ဖွင့်လှစ်ပေးမှုနှင့် ကုန်သွယ်မှုများမှာ ပိုမိုရှင်းလင်းကောင်းမွန်စေမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ global value chain သို့ ဝင်ရောက်လာနိုင်ရန် ရွေးချယ်ခွင့်နှင့် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှာ ဈေးကွက်ပိုမိုဖွင့်လှစ်ပေးထားသည့်အတွက် ကုန်သွယ်ရေးအတားအဆီးများကို လျှော့ချပြီး အဖွဲ့ဝင်နိုင်ငံများကြားတွင်လည်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပွင့်လင်းမြင်သာမှုရှိလာမည်ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအနေဖြင့် ယင်း၏ FTA နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေပြီး ဒေသတွင်းနှင့် ကမ္ဘာ့ supply chain တွင် ပိုမိုပါဝင်လာနိုင်မည်ဖြစ်ပါသည်။

RCEP စေ့စပ်ညှိနှိုင်းမှုများတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် နိုင်ငံများအုပ်စုတွင် ပါဝင်သဖြင့် အထူးနှင့်ခြားနားအခွင့်အရေး(Special and Differential Treatment)များအပါအဝင် ထပ်မံဖြေလျှော့ပေးမှု (Additional Flexibility) ကို ရရှိထားပါသည်။ မိမိနိုင်ငံက လိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်နေသေးသည့် ကိစ္စရပ်များအနက် အချို့ကို ကင်းလွတ်ခွင့်ရရှိပြီး အချို့ကို ပြင်ဆင်ချိန် (Transitional Period) များ တောင်းခံထားကာ ကျန်ကိစ္စရပ်များကို အာဆီယံနိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ဖြေလျှော့ပေးမှုနှင့် အထူးနှင့်ခြားနားအခွင့်အရေးများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အာဆီယံ၊ အာဆီယံအပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှုဒေသများတွင် ရရှိထားသည့် အခြေအနေအတိုင်း လိုက်ပါညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။ တစ်ဖက်တွင်လည်း နည်းပညာဆိုင်ရာ အကူအညီများ၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆိုင်ရာ အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းရန် လိုအပ်နေသော ဥပဒေများကို ရေးဆွဲရာ၌လည်းကောင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ရာ၌လည်းကောင်း RCEP တွင် ပါဝင်သည့် ကတိကဝတ်များနှင့် လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းနိုင်မည်ဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာသို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရာတွင် လျော်ညီသည့် ဥပဒေများကို ပြဋ္ဌာန်းရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။

**အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်**

RCEP သည် အဖွဲ့ဝင် ၁၆ နိုင်ငံနှင့် ရပ်တန့်နေမည့် စာချုပ်မဟုတ်သည့်အတွက် ကနေဒါနိုင်ငံနှင့် ဟောင်ကောင်တို့ကလည်း နောင်တွင် RCEP ၌ ပါဝင်လာမည်ဖြစ်သကဲ့သို့ အခြားစိတ်ဝင်စားသည့်နိုင်ငံများလည်းရှိနေပါသည်။ စီးပွားရေးအင်အားတောင့်တင်းသည့်နိုင်ငံများက ဤစာချုပ်ကိုအခြေခံ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများမှ အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် နည်းပညာဆိုင်ရာအကူအညီများလည်းရရှိမည် ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံမှထုတ်ကုန်များသည် ဒေသတွင်းသာမက ကမ္ဘာ့ဈေးကွက်အတွင်းသို့ လွယ်ကူစွာချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီးပွားရေးသံမှူးများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူးများနှင့် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍများ၏ ရေရှည်ရည်မှန်းချက်များတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဥရောပဈေးကွက်အပါအဝင် နိုင်ငံတကာဈေးကွက်၌ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် Forest Law Enforcement, Governance and Trade- FLEGT လုပ်ငန်းစဉ်များ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းများမှ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်ရရှိရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ စီးပွားရေးသံမှူးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားကျောင်းသားလူငယ်များ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများကို တန်ဖိုးထားတတ်သည့်စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေး



**နေပြည်တော် မေ ၂၂**

တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်အောင်မြင်မှု အခြေအနေ သုတေသနဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် မြို့နယ်ပညာရေးမှူးများ၊ ပြည်နယ်အသီးသီးမှတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ယူနီဆက်မြန်မာမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးဥပဒေ၌ ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကိုတန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်လာစေရန်ဟူ၍ အမျိုးသားပညာရေးရည်မှန်းချက်များကို ပြဋ္ဌာန်းဖော်ပြထားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲလျက်ရှိသော ဒေသသင်ရိုး(Local Curriculum)ဖြင့် တိုင်းရင်းသားဘာသာစကား ၅၄ မျိုးကို ပထမတန်း(Grade-1)၊ ဒုတိယတန်း(Grade-2)၊ တတိယတန်း(Grade-3)တို့၌ သင်ကြားသင်ယူလျက်ရှိပါကြောင်း၊ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင်လည်း စတုတ္ထတန်းမှ နဝမတန်းအထိတွင် ဒေသနှင့်လိုက်လျောညီထွေရှိသော ပထဝီ၊ သမိုင်း၊ စီးပွားရေးနှင့်ယဉ်ကျေးမှုများကိုလည်းကောင်း၊ အထက်တန်းအဆင့်တွင် ICT နှင့် အကြိုသက်မွေးပညာများကိုလည်းကောင်း သတ်မှတ်နိုင်ရန် အဆိုပြုထားပါကြောင်း၊ တိုင်းရင်းသားဘာသာစကားသင်ကြားသင်ယူမှုကို ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူမှုအခွင့်အလမ်းမြင့်မားရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စာသင်ခန်းတွင်း တိုင်းရင်းသားပေါင်းစုံပါဝင်သည့်အခါ အားလုံးအတွက် မျှတသောသင်ယူမှုအခွင့်အလမ်းရရှိရေး ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားလုံးငြိမ်းချမ်းသာယာစွာနေထိုင်နိုင်ရေး၊ ပြောဆိုဆက်ဆံရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာဘာသာစကားကို သင်ယူတတ်မြောက်ကျွမ်းကျင်ရန်လည်း အရေးကြီးပါကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများဆောင်ရွက်အကဲဖြတ်ပြီး ပိုမိုထိရောက်အောင်မြင်နိုင်ရေး ဆက်လက်အားပေးမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစကားသင် အခြေခံပညာကျောင်း ၁၂၂၄၈ ကျောင်း၌ တိုင်းရင်းသားဘာသာစကား ၅၄ မျိုးကို သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းသားစာပေ သင်ကြားပေးသူ ဆရာ ဆရာမနှင့် ပြင်ပပုဂ္ဂိုလ် ၂၇၇၃ ဦးအား ထောက်ပံ့ကြေးများချီးမြှင့်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် နေ့စားလပေးသင်ကြားရေး အထောက်အကူပြု(Teaching Assistants) ဆရာ ဆရာမ ၅၁၆၁ ဦး ခန့်ထားပေးခဲ့ပါကြောင်း၊ ယခုနှစ်ကျောင်းဖွင့်အမီ Teaching Assistants ဆရာ ဆရာမများထပ်မံခန့်ထားနိုင်ရေး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာစကား သင်ကြားပေးနေသော အခြေခံပညာ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားတတ်ကျွမ်းသော ပြင်ပဆရာ ဆရာမများကို ဘာသာစကားသင် ဆရာ ဆရာမ(Language Teacher)များအဖြစ် လစဉ်တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အခြေခံပညာဦးစီးဌာနက ထောက်ပံ့ချီးမြှင့်လျက်ရှိပါကြောင်း၊ ဘွဲ့ရရှိပြီးသည့် Teaching Assistants အဖြစ် ခန့်ထားခံရသူများအား ပညာရေးကောလိပ်တွင် မူလတန်းပြ စာပေးစာယူသင်တန်းတက်ရောက်ပြီး အောင်မြင်ပါက မူလတန်းပြ ဆရာ ဆရာမ(PTA)များအဖြစ် ခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

နိုင်ငံတကာသုံးဘာသာစကားဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်လည်း အားပေးမြှင့်တင်ရန် အရေးကြီးပါကြောင်းနှင့် တိုင်းရင်းသားကလေးငယ်များအား အနာဂတ်ကမ္ဘာကြီး၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လူသားကောင်းများဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးနိုင်ရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ အနေဖြင့် ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားကျောင်းသားလူငယ်များအားလုံး တိုင်းရင်းသားဘာသာစကားတတ်မြောက်အောင် သင်ကြားပေးပြီး မိမိတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများကို တန်ဖိုးထားတတ်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံနှင့် မိမိနေထိုင်သည့် ကမ္ဘာကြီးအကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်ရင့်ကျက်ပြီး မိမိနိုင်ငံသုံး မြန်မာဘာသာစကား၊ ကမ္ဘာသုံး အင်္ဂလိပ်ဘာသာစကားနှင့် အိုင်စီတီနည်းပညာကိုလည်း ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က သုတေသနဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

**နေပြည်တော် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် (၂၂)ကြိမ်မြောက် ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲနှင့် အလွတ်တန်းကာတွန်းပြိုင်ပွဲများကို ရန်ကုန်မြို့ လသာမြို့နယ် အထက ၂ မြညီလာခန်းမ၌ ဇွန် ၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပန်းချီပြိုင်ပွဲများကို ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အလယ်တန်း၊ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါရမီလမ်း (၁၂) ရပ်ကွက် တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲကို ယင်းနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ လသာမြို့နယ် အထက ၂ မြညီလာခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို မေ ၁ ရက်မှစတင်၍ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် (ရန်ကုန်)တွင် အခမဲ့ထုတ်ယူနိုင်ပြီး ဖြည့်စွက်ပုံစံများကို ဇွန် ၆ ရက် နောက်ဆုံးထား၍ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် (ရန်ကုန်)သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၅ / ၂၀၁၉**
၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ မြေမွန်ကျေးရွာအုပ်စု၊ လက်ညှိုးထိုးတောတိုက်နေ ငွေးမောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၄-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ မြေမွန်ကျေးရွာအုပ်စု၊ လက်ညှိုးထိုးတောတိုက်နေ ငွေးမောင်(၄၄)နှစ်၊ (ဘ) ဦးမုန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကဘွတ်အုံတောတိုက်နေ မမြင့်သီ(ခ)မသီ(ခ) ဆံနီမ (၄၀)နှစ်၊ (ဘ) ဦးတင်မောင်တို့(၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မလယ်)မယ(ပ)၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ တောင်ဘုံကျေးရွာနေ ကိုစိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၁၉ ရက်နေ့တွင် ရေးမြို့နယ်၊ တောင်ဘုံကျေးရွာ၊ အမှတ်(၁/၂၆၂)နေ ကိုစိုး(ခ)သိန်းစိုး(၄၅)နှစ်၊ (ဘ)ဦးတင်ဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း) မယ(ပ) ၁၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ တောင်ဘုံကျေးရွာနေ စိုးဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၄-၂၀၁၉ ရက်နေ့တွင် ရေးမြို့နယ်၊ တောင်ဘုံကျေးရွာ၊ ရပ်ကွက်(၄)နေ စိုးဝင်း(၄၀)နှစ်၊ (ဘ)ဦးကွန်လေးနှင့် စိန်လွင်(၂၇)နှစ်၊ (ဘ)ဦးသိန်းဟန်တို့(၂)ဦးအား စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း) မယ(ပ)၁၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၂/၆)ရပ်ကွက်၊ အောင်မင်္ဂလာပတ်လမ်းနေ ဒေါ်နေသွေးဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ်(၂/၆) ရပ်ကွက်၊ အောင်မင်္ဂလာပတ်လမ်းနေ ဒေါ်နေသွေးဝင်း (၄၄) နှစ်၊ (ဘ)ဦးကြည်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သား ဟိန်းထက်ဇင်(၁၉)နှစ်၊ (ဘ) ဦးအောင်ငွေ၊ အမှတ်(၇) ရပ်ကွက်နေ ရန်နောင်ထွန်း(၁၇)နှစ်၊ (ဘ) ဦးတင်ထွန်းအောင်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်သာယာ) မယ(ပ) ၁၁၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၇)လမ်းနေ စည်သူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၇)လမ်းနေ စည်သူ(ခ)စည်သူဇော်(၂၆)နှစ်၊ (ဘ) ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ (၈)ရပ်ကွက်၊ ဇေယျာရွှေမြေလမ်းနေ ရှိုင်းလင်းဦး(၃၅)နှစ်၊ (ဘ)ဦးဝင်းနိုင်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား နမစ (သာကေတ)မယ(ပ) ၂၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ညောင်ကိုးပင်ကျေးရွာနေ စိုင်းအိုက်ညွန့်၊ စိုင်းအောင်ချမ်းသာတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ ညောင်ကိုးပင် ကျေးရွာနေ စိုင်းအောင်ချမ်းသာ(၂၈)နှစ်၊ (ဘ)ဦးဇော်နိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ) မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ စိုင်းအိုက်ညွန့်(၄၅)နှစ်၊ (ဘ) ဦးအိုက်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သီပေါ) မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ အမှတ် (၄)ရပ်ကွက်၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၇)ဦး၊ မ(၄)ဦး၊ ပေါင်း(၅၁)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၁၆-၄-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၇)ရပ်ကွက်၊ ကွတ်ခိုင်- တာမိုးညဲသွား ကားလမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် နန့်ဟူးရွာဟောင်းနေ အိုက်ရီ(၃၀)နှစ်၊ (ဘ)ဦးအိုက်အုံး မောင်းနှင်လာသည့် ဆိုင်ကယ်အား စိစစ်ရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ) ၃၆/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၀-၄-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၀၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၇၉၃)ဦး၊ မ(၁၅၄)ဦး၊ ပေါင်း(၉၄၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၇၂.၄၂) ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၀၉၁၂)ပြား၊ ဆေးခြောက် (၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၃.၄၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံး တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ပြုလုပ်ခဲ့ရာ ယခုသီတင်း နှစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တီယန်ဇွပ်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၆၃)ပြား၊ ဘိန်းဖြူ(၅၁.၂)ဂရမ်၊ ရွှေကူမြို့နယ်၊ ရွှေကူလေးကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၃၀)ပြား၊ မံစီမြို့နယ်၊ စီခမ်းကြီးကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀)ပြား၊ မံရကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုပူကျေးရွာလမ်းခွဲ၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၄)ပြား၊ အမှတ်(၃)ရပ်ကွက်၊ ဗညားနွဲ့လမ်းဆုံ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၆)ပြား၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၃)ပြား၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ရှာထော်ဇံ(ခ)ကျောက်ချပ်ကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈)ပြား၊ ဘိန်းဖြူ(၁၅.၁)ဂရမ်၊ ဘိန်း(၁၆.၃၃)ဂရမ်၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရင်သောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၁၀၅၉)ဂရမ်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၉)ပြား၊ ခေါဇာမြို့နယ်၊ ကဗျာဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၃၂၀၀)ဂရမ်၊ သထုံမြို့ သိမ်ကုန်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် မင်္ဂလာကြီးကျေးရွာ၊ ကူးတို့ဆိပ်တာဘောင်ဘေးခြုံတောထဲ၌ ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုက်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၅၈၅၀၀)ပြား၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၉)ပြား၊ စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၃၂)ပြား၊ ရွှေပြားရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ ပြည်တော်သာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၂)ပြားနှင့် ပိုင်ရှင်မဲ့ စိတ်ကြွ ဆေးပြား(၃၈၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁)ဂရမ်၊ မြောက်ဦးမြို့ တောင်ရပ် ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ ဆိုင်ကယ် (၁)စီး၊ မင်းပြားမြို့ ကင်းဆိပ်အဝေးပြေး ကားဂိတ်အနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီး-ဇလဲသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၈၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၁၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၈)ပြား၊ အေးသာယာမြို့ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၉၈)ပြား၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းမပေါ်၌ သတင်းအရ Probox အငှားယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၂၇၀၀)ဂရမ်၊ မြို့ဦးကွက်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ ဘိန်းဆီခဲ (၀.၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၅)ဂရမ်၊ ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၉၆၀၀)ပြား၊ ပင်လောင်းမြို့နယ်၊ ပင်ထုံ-ရေခေါက်ကျေးရွာသွားကားလမ်းပေါ်၌ စိစစ်နေစဉ် ဆိုင်ကယ်(၂)စီးမှာ စိစစ်ရေးအဖွဲ့အနီး မရောက်မီရပ်တန့်ပြီး အမျိုးသား(၂)ဦးမှာ ဆိုင်ကယ်အားထားကာ ထွက်ပြေးသွားပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်း(၃၅၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ခေါ်ပူကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၆၀)ပြား၊ ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပူချယ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊

**စာမျက်နှာ ၉ သို့ »»**

››› စာမျက်နှာ ၈ မှ

လဲချားမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၄၅၄)ပြား၊ သိန္နီမြို့အဝင်၊ အိုရီယမ် တယ်တိုးဂိတ်၌ သတင်းအရ Surf ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၆၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ Hydrochloric Acid (၃၂၀၀)လီတာ၊ Ethyl Ether (၇၂၀၀)လီတာ၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဖိုင်ကျောင်းကျေးရွာအနီး၌ Canter (၁၀)ဘီးယာဉ်နှင့် Fuso (၆)ဘီးယာဉ်တို့အား စစ်ဆေးရာ တရားခံအမျိုးသား(၃) ဦးထံမှ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် သံမှွေအိုးအကြီး(၃)လုံး၊ မော်တော်ယာဉ် (၂)စီး၊ ထပ်မံ ဖော်ထုတ်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၁၈၀၀)ပြား၊ Sulphuric Acid (၀.၀၈)လီတာ၊ Hydrochloric Acid (၀.၀၆)လီတာ၊ Acetic Anhydride (၀.၁၁)လီတာ၊ Acetic Acid (၀.၀၅)လီတာ၊ Acetone (၀.၀၁၅)လီတာ၊ 1-Phenyl – 2-Propannone(၀.၀၁)လီတာ၊ Ephedrine (၂၀)ဂရမ်၊ Hilux Pickup ယာဉ်(၁)စီး၊ Mini Van ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့နယ်၊ မန့်နောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ကျန်ကြာကျိုင်းကျေးရွာ၌ တရားခံအမျိုးသား(၂) ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဘိန်း(၄၈၉)ဂရမ်၊ နောင်ချိုမြို့အဝင်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၅)ပြား၊ ဘိန်းဖြူ(၁၄၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ကွတ်ခိုင်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀၀)ပြား၊ မိုးမိတ်မြို့နယ်၊ ပဒါန်းကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၂၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟိုပန်မြို့ မန်ခွန်ရပ်ကွက်၌ တရားခံအမျိုးသား(၂) ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀၀)ပြား၊ ကျိုင်းတုံမြို့နယ်၊ တုံကွမ်ကျေးရွာထိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့် စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ နမ့်လွတ်(အာခါ) ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း(၁၈၆)ဂရမ်၊ ဆိုင်ကယ်(၁) စီး၊ စံဖူးကျေးရွာအနီး မဲခေါင်မြစ်ကမ်းဘေးတောအုပ်အတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၀၈၀၀၀) ပြား၊ ဘိန်းဖြူ(၇၀၀၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ရုံးကြီးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွ ဆေးပြား(၄၂၃၀)ပြား၊ ဘိန်းဖြူ(၀.၅)ဂရမ်၊ ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၆၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ နဘားပူးပေါင်း စစ်ဆေးရေးဂိတ်၌ သတင်းအရ AD Van ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၁၉၅၀၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မန္တလေး-မြစ်ကြီးနားသွားကားလမ်း နဘားလမ်းခွဲ၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀၀၀)ပြား၊ ဘိန်းဖြူ (၆၆၀၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ဗန်းမောက်မြို့နယ်၊ လယ်ပဒုံးကျေးရွာအနီးရှိ လယ်တဲအား သတင်းအရ ဝင်ရောက်ရှာဖွေရာ အမျိုးသား(၂) ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး တဲအတွင်းမှ ဘိန်း(၂၄၄၉)ဂရမ်၊ ပင်လည်ဘူးမြို့နယ်၊ စေတီဦးကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်း(၁၆၃၃)ဂရမ်၊ ငေါချယ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၇၃၀) ပြား၊ ဘိန်းဖြူ(၄၆၀)ဂရမ်၊ ကလေးမြို့နယ်၊ မော်လိုက်ကလေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ Buprenorphine Tablet (၂၈)ပြား၊ Buprenorphine ဆေးမှုန့်(၂)ဂရမ်၊ ဖောင်းပြင်မြို့နယ်၊ ထောမကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ ဘိန်းဖြူ (၇၃)ဂရမ်၊ ခန္တီးမြို့ (၃) မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ အဆင့်နိမ့်ဘိန်း (၂၇၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အင်းလေးမြိုင်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦးထံမှ ဘိန်းစာမှုန့်(၁၂၂၀)ဂရမ်၊ တနင်္သာရီမြို့နယ်၊ ကျွဲထိန်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့် (၅၀၀၀)ဂရမ်၊ ဆေးခြောက်(၃၂၆၀)ဂရမ်၊ မောတောင်စစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းစာရွက် (၁၃၁၀) ဂရမ်၊ ဇဝဲကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၁၅၆၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ နဝင်းရပ်ကွက်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၆၁၀)ပြား၊ ထီးလင်းမြို့ အမှတ်(၂) စည်ပင်သာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅.၆၈) ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာ သည့် ခရီးသည်တင်ယာဉ်အား သတင်းအရရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကသာမှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ် အား သတင်းအရ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀) ပြား၊ ဘိန်းဖြူ(၄.၁)ဂရမ်၊ ဇီးအုပ်ကွက်သစ်၊ ရတနာလမ်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၉၀၀) ပြား၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာ၊ ဘုရားကြီးလမ်းဆုံ၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၉၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်ဆည်မြို့နယ်၊ လက်ပံ ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၄၉၅)ပြား၊ ညောင်ဦးမြို့ နယ်၊ ငါးမင်းမေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၂၄၄.၉၅)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၅)ပြား၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂၅)ပြား၊ ICE(၁၅)ဂရမ်၊ ဘိန်းဖြူ (၇၇)ဂရမ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းနှင့် စည်ပင်လမ်းထောင့်၌ တရားခံအမျိုးသား(၂)ဦး ထံမှ စိတ်ကြွဆေးပြား(၁၅)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ (၂၄)ရပ်ကွက်၊ သိင်္ဂီ(၂)လမ်း၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ထပ်မံဖော်ထုတ်ချက်အရ(၂၂)ရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား (၁၄၀၀)ပြား၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၅) ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၃၈)ပြား၊ ဆေးခြောက်(၄၇၄.၄၄)ဂရမ်၊ လှိုင်မြို့နယ်၊ ပြည်လမ်းမပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ Ecstasy ဆေးပြား(၆)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်းမပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ Ecstasy ဆေးပြား (၅)ပြား၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ သမိုင်းလမ်းဆုံ၌ သတင်းအရ Passo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၄၈၀၂)ပြား၊ ICE(၁၁၅၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက်၊ သစ်တောပျိုးဥယျာဉ်ရှေ့၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဆေးခြောက်(၄၃.၀၉)ဂရမ်၊ ဆိုင်ကယ်(၁)စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၃)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မန်ပင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅) ပြား၊ ဘိန်းဆီခဲ(၀.၂)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ခဲသီး(၇)လုံး၊ ယမ်းမှုန့်(၂)ဘူး၊ ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ မြစ်ဆုံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄.၁)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ တူမီးသေနတ်အတို(၁) လက်၊ လေသေနတ်(၁)လက်၊ ၉မမ ကျည်(၇)တောင့်၊ လေသေနတ်ခဲ ကျည်(၅၅)တောင့်၊ Pajero ယာဉ်(၁)စီး၊ တာချီလိတ် မြို့နယ်၊ တာလေ-ကျိုင်းလပ်သွားကားလမ်း နန်ဟတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၆)ပြား၊ ပစ္စတိုသေနတ်(၁)လက်၊ ၉မမ ကျည်(၁၃)တောင့်၊ ဆိုင်ကယ် (၁)စီးအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဝိန်းခမ်းကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂)ပြား၊ ဘိန်းဖြူ(၀.၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် ချစ်ကြည်ရေးဂိတ်၌ အိန္ဒိယနိုင်ငံသားတရားခံ အမျိုးသား(၁) ဦးထံမှ ဘိန်းဖြူ(၀.၃)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရိဒ်မြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁) ဦးထံမှ ဘိန်းဖြူ(၀.၆)ဂရမ်၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ တာလော့ရပ်ကွက်၊ တရုတ်ဘုံကျောင်းလမ်းပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြားတို့အားလည်းကောင်း၊ ပစ်ခတ်တားဆီးဖမ်းဆီးရသည့်ဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ ညောင်နီ(အထက်)ကျေးရွာအနီး မိုးမိတ်-မန်တုံသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားစိစစ်ရန် တားဆီးစဉ် ဆိုင်ကယ်အားလှဲချထွက်ပြေးခဲ့၍ လိုက်လံဖမ်းဆီးရာ အသင့်ပါလာသော ဓားရှည်ဖြင့်ပြန်လည်ခုခံသဖြင့် သတိပေးပစ်ခတ်ထိန်းသိမ်းဖမ်းဆီးခဲ့ရပြီး တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြား ဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းနှစ်ပတ်(၇-၄-၂၀၁၉ရက်နေ့မှ ၂၀-၄-၂၀၁၉ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၄၀၈)မှုတွင် တရားခံကျား(၄၈၄)ဦး၊ မ(၆၁)ဦး၊ ပေါင်း(၅၄၅)ဦးကို ဘိန်းဖြူ(၁၅၉၄၂.၂၁၁)ဂရမ်၊ ICE (၁၁၉၃.၃)ဂရမ်၊ Ecstasy ဆေးပြား(၁၁)ပြား၊ စိတ်ကြွဆေးပြား(၄၃၃၉၄၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁)ဂရမ်၊ ဆေးခြောက် (၄၇၃၄.၅၃၃)ဂရမ်၊ ဘိန်း(၁၅၉၃၂.၂၃)ဂရမ်၊ ဘိန်းဆီခဲ (၁၉၆၇၂.၇၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၂၇၆၆.၃)ဂရမ်၊ ဘိန်းစာမှုန့်(၂၁၉၇၉.၅)ဂရမ်၊ ဘိန်းစာရွက်(၅၆၈၃.၃၁)ဂရမ်၊ Buprenorphine Tablet(၂၈) ပြား၊ Buprenorphine ဆေးမှုန့်(၂)ဂရမ်၊ Hydrochloric Acid (၃၂၀၀.၀၆)လီတာ၊ Ethyl Ether (၇၂၀၀) လီတာ၊ Sulphuric Acid (၀.၀၈)လီတာ၊ Acetic Anhydride (၀.၁၁)လီတာ၊ Acetic Acid (၀.၀၅)လီတာ၊ Acetone (၀.၀၁၅)လီတာ၊ 1-Phenyl–2-Propannone (၀.၀၁)လီတာ၊ Ephedrine (၂၀)ဂရမ်၊ သေနတ် မျိုးစုံ(၅)လက်၊ ကျည်မျိုးစုံ (၇၅)တောင့်၊ ခဲသီး(၇)လုံး၊ ယမ်းမှုန့်(၂)ဘူးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါ သည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် ညနေ ၃ နာရီတွင် ဟိုပုံးမြို့နယ် လွိုင်လင်-တောင်ကြီးသွားကားလမ်း၊ မိုင်တိုင်အမှတ် (၁၄၄/၃) လွယ်ဝိုးတုတ်ကျေးရွာအနီးတွင် လွိုင်လင်မှ တောင်ကြီးသို့ မောင်းနှင်လာသည့် Honda Fit အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ဟိုပုံးမြို့မရဲစခန်း၊ ဆိုက်ခေါင်နယ်မြေရဲစခန်းတို့နှင့် ပူးပေါင်းတားဆီးသော်လည်း အဆိုပါယာဉ်မှာ လုံခြုံရေးအတားအဆီးများကိုတိုက်၍ ဆီဆိုင်မြို့ဘက်သို့ မောင်းနှင်သွားခဲ့ကြောင်း သိရ၍ ဆက်လက်ရှာဖွေခဲ့ရာ ညနေ ၆ နာရီတွင် ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု၊ ထီဟန်တုံးကျေးရွာ ရွာလယ်လမ်းရှိ ပိန္နဲပင်အောက်၌ မော်တော်ယာဉ်အား ရှေ့/နောက် လေကာမှန်ကွဲလျက် လူမရှိဘဲရပ်ထားသည်ကိုတွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၆၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းနှင့် နဘားကျေးရွာသွား ကားလမ်းဆုံ၌ မဇူး မောင်းနှင်ပြီး မနုနုမော် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် ဝင်းလွင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ မဇူး မောင်းနှင်လာသည့် ဆိုင်ကယ်မှ ဆပ်ပြာခွက် ၂၃ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၂၀၇ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကောင်းမြို့ ဖိုးချစ်ကုန်းရပ်ကွက်နေ ဒေါ်ကိုင်(ခ)ဒေါ်ဇင်ခန့်ကိုင်ရာအား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဒေါ်ကိုင်(ခ)ဒေါ်ဇင်ခန့်ကိုင်ရာ၊ ဝင်းလွင်၊ မဇူး၊ မနုနုမော်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မြန်မာနိုင်ငံတွင် ခွေးကိုက်ခံရသည့်လူနာ ကုသရေးဌာနများဖွင့်လှစ်မည်



**နေပြည်တော် မေ ၂၂**

ခွေးကိုက်ခံရသည့်လူနာကုသရေးဌာနများ ဖွင့်လှစ်နိုင်ရေး ရှင်းလင်းတင်ပြမှုအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က မြန်မာနိုင်ငံတွင် ခွေးကိုက်ခံရသူအရေအတွက်မှာ တစ်စထက်တစ်စ များပြားလျက်ရှိရာ ရရှိထားသောစာရင်းဇယားများအရ ၂၀၁၈ ခုနှစ်တွင် ၁၉၀၀၀၀ ကျော်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ နှစ်အလိုက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးနှင့် ခွေးရူးပြန်ရောဂါကုသမှုပဋိပစ္စည်းများကို ဝယ်ယူလျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၄ ဘီလီယံခန့် သုံးစွဲဝယ်ယူခဲ့ပါကြောင်း။

**အကြံဉာဏ်များ ရယူသွားမည်**

ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ကြွက်သားထဲသို့ ထိုးနှံခြင်းအစား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားသည့်အကျိုးထိရောက်မှုတန်းတူဖြစ်ပြီး ဆေးဝါးကုန်ကျမှု ထက်ဝက်သက်သာသော အရေပြားထဲသို့ ထိုးနှံခြင်းကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ခွေးရူးပြန်ရောဂါဆိုင်ရာ ဘက်စုံခြုံငုံသုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခွေးရူးပြန်ရောဂါဆိုင်ရာ အကြံပေးအဖွဲ့ထံမှ အကြံဉာဏ်များကိုလည်း ရယူသွားမည်ဖြစ်ပါကြောင်း။

ခွေးကိုက်ခံရသည့်လူနာများ ကုသရေးဌာနများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာ၊ ဝန်ထမ်းအင်အား၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိန်းသိမ်းထားရန် ရေခဲသေတ္တာတို့ကို အသင့်ပြင်ဆင်ပြီး ဝန်ထမ်းများအား မွမ်းမံသင်ကြားမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ဝေထားသော ခွေးရူးပြန်ရောဂါကာကွယ်နှိမ်နင်းရေးလမ်းညွှန်စာအုပ်များနှင့် ပညာပေးစာစောင်များ၊ ခွေးရူးပြန်ရောဂါကာကွယ်တားဆီးနှိမ်နင်းရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့တစ်ခုဖွဲ့စည်းရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက ဘက်စုံပိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များ၊ ဆွေးနွေးအကြံပြုချက်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ခွေးကိုက်ခံရသည့်လူနာများအား ပြုစုကုသရေးဌာန (ခွေးကိုက်ခံရသည့်လူနာများကုသရေးဌာန)များ ဖွင့်လှစ်ခြင်းဖြင့် လူနာများအား ပိုမိုစနစ်ကျထိရောက်စွာ ကုသမှုပေးနိုင်မည်ဖြစ်ပြီး ဆေးအလေအလွင့်ဖြစ်မှုကိုလည်း များစွာလျှော့ချနိုင်မည်ဖြစ်ကာ နိုင်ငံတော်၏ဘဏ္ဍာငွေများကိုလည်း ပိုမိုအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ခွေးကိုက်ခံရသည့် လူနာများကုသရေးဌာနများကို ရန်ကုန်တိုင်းဒေသကြီးတွင်သာမက မန္တလေးတိုင်းဒေသကြီးတွင်ပါ အမြန်ဆုံး စတင်ဖွင့်လှစ်ရမည်ဖြစ်ပြီး အခြားလိုအပ်သည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ထပ်မံ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ခွေးကိုက်ခံရသည့်လူနာများကုသရေးဌာနများတွင် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဆန်းစစ်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ကာ အားနည်းချက်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခွေးကိုက်ခံရသည့် လူနာများကုသရေးဌာနများဖွင့်လှစ်သည့်အခါ ပြည်သူအများသိရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူနိုင်ရန်အတွက် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများ စသည်တို့မှ အသိပေးကြေညာရမည်ဖြစ်ပါကြောင်း။

**ပံ့ပိုးဆောင်ရွက်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ဝေထားသော ခွေးရူးပြန်ရောဂါကာကွယ်နှိမ်နင်းရေး လမ်းညွှန်စာအုပ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော WHO technical report series မှ WHO expert consultation on Rabiesနှင့် ကိုက်ညီပြီး ခေတ်နှင့်အညီဖြစ်စေရန်အတွက် အမြန်ဆုံး မွမ်းမံထုတ်ဝေသွားရမည်ဖြစ်ပါကြောင်း၊ မှတ်တမ်းများ၊ စာရင်းဇယားများကိုလည်း ခေတ်မီကွန်ပျူတာ စနစ်ကို အသုံးပြု၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခွေးကိုက်ခံရသည့်လူနာများ ကုသရေးဌာနများ အမြန်ဆုံး ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများဆိုင်ရာ ပထမအကြိမ် မြန်မာ-ထိုင်း လုပ်ငန်းအကောင်အထည်ဖော်ရေး ကျွမ်းကျင်သူများအဖွဲ့အစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၂**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများဆိုင်ရာ ပထမအကြိမ် မြန်မာ-ထိုင်း လုပ်ငန်းအကောင်အထည်ဖော်ရေး ကျွမ်းကျင်သူများအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Kanchana Patarachoke တို့က အစည်းအဝေးကို ဦးဆောင်၍ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ကိုယ်စားလှယ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနများနှင့် ရန်ကုန်မြို့ရှိ ထိုင်းသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ပြန်လည်စိစစ်လက်ခံရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်များဦးဆောင်သည့် ပူးတွဲလုပ်ငန်းကော်မတီက ချမှတ်ခဲ့သည့်အစီအမံများ၊ ဆွေးနွေးခဲ့မှုများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရေးနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကျွမ်းကျင်သူအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ပြင် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ရေး၊ တရားဝင် ပြန်လည်အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မေလကုန်တွင် စတုတ္ထအကြိမ်မြောက် မိမိဆန္ဒအလျောက်နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံနိုင်ရေးကိစ္စရပ်များကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမအကြိမ် အမျိုးသားအဆင့် မိုက်ခရိုဆော့ဖ်ကျွမ်းကျင်မှုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၂**

ပညာရေးဝန်ကြီးဌာနနှင့် IIG Education Myanmar တို့ပူးပေါင်းကျင်းပသည့် ပထမအကြိမ် အမျိုးသားအဆင့် မိုက်ခရိုဆော့ဖ်ကျွမ်းကျင်အဆင့် (MOSC) SemiFinal ပြိုင်ပွဲကို မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (UIT)၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲတွင် အခြေခံပညာကျောင်းများ၊ နည်းပညာကောလိပ်များနှင့် တက္ကသိုလ်အသီးသီးမှ အသက် ၁၃ နှစ်နှင့် ၂၂ နှစ်အတွင်းရှိ Microsoft Office Word 2013၊ Excel 2013 နှင့် Power Point 2013 ကျွမ်းကျင်မှုကျောင်းအဆင့် ယှဉ်ပြိုင်အောင်မြင်ပြီး ကျောင်းသား ကျောင်းသူပေါင်း ၆၀၀ ခန့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းအဆင့် Microsoft Office ပြိုင်ပွဲ၏ နောက်ဆုံးအဆင့်တွင် ပထမဆုရသူသုံးဦးအား အမေရိကန်ဒေါ်လာ ၂၀၀နှင့်အထက်ဆုများ ပေးအပ်ချီးမြှင့်မည့်အပြင် လိုအပ်သည့်သင်တန်းများပေးကာ မြန်မာနိုင်ငံကိုယ်စားပြု Microsoft Office Specialist များအဖြစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇူလိုင် ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ (MOSWC)သို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

MOSWC ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် Microsoft Word၊ Excel နှင့် Power Point 2013/2016 တစ်ဘာသာချင်းအလိုက် ပထမဆု အမေရိကန် ဒေါ်လာ ၇၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၃၅၀၀နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၁၅၀၀တို့ကို Microsoft မှ ဆုချီးမြှင့်မည်ဖြစ်ကြောင်း www. iigmyanmar. com နှင့် http://www.moschampionship.com တို့တွင် ဖော်ပြထားသည်။

ပြည်တွင်း MOSC ပြိုင်ပွဲများတွင် ရမှတ် ၇၀၀ နှင့် အထက်ရရှိသည့် ပြိုင်ပွဲဝင်များကို နိုင်ငံတကာအသိအမှတ်ပြု Microsoft Office Specialist Certificate များချီးမြှင့်မည်ဖြစ်ကြောင်း IIG Education Myanmar မှ မန်နေဂျာ မဇွန်ဖြူချစ်စောက ပြောသည်။

၂၀၁၈ ခုနှစ်က Microsoft Office Specialist World Championship(MOSWC) ပြိုင်ပွဲကို ၁၁၆ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သူ ၇၆၀၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ၁၈ ကြိမ်တိုင် ကျင်းပနိုင်ခဲ့ပြီဖြစ်ရာ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

**သန့်ဇင်ဝင်း**

❖ ကျောဖုံးမှ

မြန်မာ့ဆန်တန်ချိန် တစ်သိန်းခွဲကျော် တင်ပို့ခဲ့ရကြောင်း လက်ရှိတွင်လည်း အခြားနိုင်ငံများသို့ ဆန်တင်ပို့နေမှုများရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ သိရသည်။

"မြန်မာ့ဆန်အရည်အသွေးနဲ့ အခုဖြစ်တဲ့ကိစ္စနဲ့ ဘာမှမသက်ဆိုင်ပါဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ ဆန်စက်လုပ်ငန်းရှင်တွေ၊ ဆန်ကုန်သည်တွေ၊ ဆန်ပြည်ပတင်ပို့တဲ့ သူတွေအားလုံးဟာ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းကို တတ်နိုင်သမျှ လိုက်လျောညီထွေရှိအောင်၊ ကိုက်ညီအောင် ကြိုးစားပြီး တင်ပို့နေပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင် ကပြောသည်။

### တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံတွင် ဆန်စပါးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းသည် ပြည်တွင်းတွင် စားသုံးပြီး ၂၀ ရာခိုင်နှုန်းခန့်သာ ပြည်ပသို့တင်ပို့နေကြောင်း ၂၀၁၇-၂၀၁၈ တွင် ဆန်တန်ချိန် သုံးသန်းကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ တွင် ဆန်တန်ချိန် ၂ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ယနေ့ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးမြင့်သည့် ဆန်များကို ဥရောပနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တခြားနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ပြည်တွင်းတွင် စားသုံးနေသည့် ဆန်များသည်လည်း အရည်အသွေးမြင့်ဆန်များဖြစ်သည့်အတွက် ပြည်တွင်းစားသုံးသူများအနေဖြင့် စားသုံးရာတွင် စိုးရိမ်စရာမရှိကြောင်း ဦးရဲမင်းအောင်က ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက အာဖရိကတိုက်ရှိ အိုင်ဗရီကို့စ်နိုင်ငံတွင် ဖျက်ဆီးခံရသည့် မြန်မာ့ဆန်များကို ရွှေဝါရောင်ကုမ္ပဏီ၊ MEG၊ ဇေရဟသ်ာ ကုမ္ပဏီတို့မှ ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီဖြစ်သည့် အိုလန်အင်တာနေရှင်နယ် ကုမ္ပဏီသို့ ရောင်းချခဲ့ကြောင်း MV Ocean Prince သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂၂၀၀၀ကို တင်ဆောင်ခဲ့ပြီး နှစ်လခွဲခန့် ကြာမြင့်ခဲ့ပြီးမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်က ရန်ကုန်ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ကြောင်း။

ထို့နောက် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ကာ ဆန်တန်ချိန် ၁၄၀၀၀ ထပ်မံတင်ဆောင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဂီနီနိုင်ငံ Conakry ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဆန်တန်ချိန် ၄၀၀၀ ချအပြီးတွင် ဆန်အလေးချိန်မပြည့်သည့် ပြဿနာပေါ်ခဲ့ပြီး အရည်အသွေးစစ်သည့် ကုမ္ပဏီက လက်မခံခဲ့ကြောင်း၊ ကျန်အာဖရိကနိုင်ငံများသို့ ဆက်လက်ရောင်းချရာ ဂီနီနိုင်ငံတွင် ဖြစ်ခဲ့သည်များကို မီဒီယာများမှတစ်ဆင့် သိရှိထားသည့်အတွက် လက်မခံခဲ့ကြောင်း၊ သို့ဖြစ်၍ မရောင်းရသည့် ဆန်များကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် အိုလန်ကုမ္ပဏီ ကိုယ်စားလှယ်များက ဖေဖော်ဝါရီ ၁၉ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံခဲ့ရာ စီးပွားကူးသန်းဝန်ကြီးဌာနမှ Repair and Return စနစ်ဖြင့် သွင်းကုန်ပါမစ်များ ချပေးခဲ့သော်လည်း မြန်မာနိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းမရှိဘဲ အာဖရိကရှိနိုင်ငံများသို့ လှည့်လည်ရောင်းချရာမှ ထိုကဲ့သို့ ဖျက်ဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### ၁၀ လလောက် အချိန်ကြာ

"မြန်မာနိုင်ငံကနေ စက်တင်ဘာလကတည်းက ဆန်တင်တဲ့သင်္ဘော ထွက်သွားတယ်။ အာဖရိကနိုင်ငံတွေမှာ လှည့်ပတ်ပြီးတော့ ရောင်းချနေတဲ့ အနေအထားက ၁၀ လလောက် အချိန်ကြာသွားတယ်။ သင်္ဘောတင်နေတဲ့ အချိန်မှာလည်း မိုးရွာလိုက်တဲ့အတွက်ကြောင့် မိုးမိသွားတဲ့အနေအထားလည်း ရှိတယ်။ ထူးခြားတဲ့အနေအထားတစ်ခုကြောင့် ဖြစ်ရတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ပင်လယ်ထဲမှာ ၉ လ / ၁၀ လလောက် သင်္ဘောအတွင်းမှာထားတဲ့ ဆန်အိတ်တွေဟာ ဘယ်လောက်ကောင်းတဲ့ဆန်ကိုပဲ ထည့်ထားထည့်ထား အရည်အသွေးကောင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

အဆိုပါ မြန်မာ့ဆန်များဖျက်ဆီးခံရမှုကိစ္စနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်၊ ဆန်တင်ပို့သူ၊ အရည်အသွေး စစ်ဆေးသည့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်သည့် အစည်းအဝေးကို မကြာခင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

### မြန်မာ့ဆန်ကို နာမည်ပျက်စေ

ထို့ပြင် အာဖရိကတိုက်ရှိ အိုင်ဗရီကို့စ်နိုင်ငံတွင် မြန်မာ့ဆန်များ စားသုံးရန်မသင့်ဟုဆိုကာ ဖျက်ဆီးခဲ့ခြင်းသည် မြန်မာ့ဆန်ကို နာမည်ပျက်စေသည့်အတွက် အဆိုပါ "စားသုံးရန်မသင့်" ဆိုသည့် စကားလုံးအား ချေဖျက်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လုပ်ဆောင်နေကြောင်း ယနေ့ သတင်းမီဒီယာရှင်းလင်းပွဲမှ သိရသည်။

"ဒီဆန်ကို ဖျက်ဆီးဖို့ လိုလာပြီဆိုရင် ဝယ်သူတစ်ယောက်တည်းနဲ့ ဖျက်ဆီးလို့မရဘူး။ သက်ဆိုင်ရာဝယ်လာတဲ့ ကုမ္ပဏီကို အကြောင်းကြားရမယ်။ သက်ဆိုင်ရာနိုင်ငံ၊ သံရုံးကို အကြောင်းကြားရမယ်။ ဒီလို အကြောင်းကြားမှုမရှိဘဲ ဖျက်ဆီးလိုက်တာဟာ ဖျက်ဆီးသူမှာ တာဝန်ရှိတယ်။ ဒီအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို တင်ပြပြီးတော့ မြန်မာ့ဆန်ကို စားသုံးရန်မသင့်ဆိုတဲ့ စကားလုံးကို ဖြေရှင်းပေးဖို့ တောင်းဆိုသွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

ယနေ့ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆန်တင်ပို့ရောင်းချရာတွင် ပတ်သက်ဆက်နွှယ်သည့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ သတင်းမီဒီယာများတက်ရောက်ခဲ့ကြောင်းနှင့် သတင်းမီဒီယာများမှ သိရှိလိုသည့် မေးခွန်းများအား မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်း-သီသီမင်း၊ မင်းသစ်၊ ဓာတ်ပုံ-နေလင်း**

# အပူချိန်ပြင်းထန်မှုကြောင့် ငါးမွေးမြူရေးကန်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် စောင့်ကြည့်ရန်လို

**ဝါးခယ်မ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းမှ ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်ကြောင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စောင့်ကြည့်နေရန်လိုအပ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အပူချိန်ပြင်းထန်လွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကာ ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် လည်းကောင်း ကန်ရေညစ်ညမ်းပြီး ငါးရောဂါများ ကျရောက်တတ်သဖြင့် ကြိုတင်သတိထားဆောင်ရွက်သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစန်းမောင်ဦးက ပြောသည်။

ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သောသူများအနေဖြင့် အပူချိန်မြင့်မားပြီး ငါးမွေးကန်များရှိ ကန်ရေများခန်းလာပါက သန့်ရှင်းသော ရေအသစ်များ ဖြည့်သွင်းခြင်းဖြင့်လည်းကောင်း၊ ရေအသစ်ဖြည့်သွင်းရန် ခက်ခဲပါက မွေးမြူထားသော ငါးအရေအတွက်လျှော့ချခြင်း ဆောင်ရွက်သင့်ကြောင်း၊ အပူချိန်မြင့်မားသော နေ့လယ်ပိုင်းများ၌ ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုလုပ်သင့်ကြောင်း၊ အစာကျွေးပြီးပါက အစာကျန်များရှိ၊ မရှိ စစ်ဆေးသင့်ကြောင်း၊ ငါးမွေးမြူရေးကန်များ၌ ပုံမှန်မဟုတ်သော အခြေအနေ ကြုံတွေ့လာပါက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားကာ ပူးပေါင်းဆောင်ရွက် ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝါးခယ်မမြို့နယ်အတွင်း ဂရမ်းကျေးရွာ၊ မြဂိုးလေးကျေးရွာ၊ မြဂိုးကြီးကျေးရွာ၊ သီလချောင်းကျေးရွာ၊ မြစ်ကလေးကျေးရွာနှင့် ကျွဲတလင်းကျေးရွာတို့၌ အများဆုံး ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**



# လူမှုကယ်ဆယ်ရေးအဖွဲ့ နိုင်ငံတကာအဆင့်မီ အသက်ကယ်သင်တန်းဖွင့်

**ရေတာရှည် ဧပြီ ၂၂**

မြန်မာနိုင်ငံ (Rescue) လူမှုကယ်ဆယ်ရေးအဖွဲ့ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်း (၃/၂၀၁၉) ကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ စက်ရုံပရိယတ္တိစာသင်တိုက် အောင်သိဒ္ဓိ ဆုတောင်းပြည့်ဘုရားကြီးဓမ္မာရုံ၌ ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ရွှေက သဘာဝဘေးအန္တရာယ်များသည် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားလျက်ရှိကြောင်း၊ နှစ်စဉ် ရေကြီးရေလျှံမှု၊ မီးလောင်ကျွမ်းမှုများ၊ လျှပ်စစ်ဓာတ်မှုများ၊ လေဘေးသင့်ခြင်းများ ဖြစ်ပေါ်ကြုံတွေ့လျက်ရှိပြီး ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအပြင် ယခုကဲ့သို့ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများသည် များစွာအရေးပါလျက်ရှိကြောင်း ပြောသည်။



ဆက်လက်၍ မြန်မာနိုင်ငံ (Rescue) လူမှုကယ်ဆယ်ရေးအဖွဲ့ (ဗဟို) မှ ဥက္ကဋ္ဌ ဦးလှထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့်သင်တန်းသို့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ သင်တန်းသား၊ သင်တန်းသူ ၁၂၀ ကျော် တက်ရောက်ခဲ့ပြီး သင်တန်းကာလ ကိုးရက်အတွင်း ရေပြင်၊ မြေပြင်နှင့်တောင်တက်ဘာသာရပ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဂူကျောက်လုပ်ငန်းသို့ လူငယ်များ သွားရောက်လုပ်ကိုင်

**မုံရွာ ဧပြီ ၂၂**

မုံရွာမြို့နယ် ခတ္တာကန်မြောက်ရွာမှ ကျောက်ဆစ်ပညာတတ်သူ လူငယ်အများစုသည် မိမိတို့ကျေးရွာလုပ်ငန်းကိုပစ်၍ ဝင်ငွေပိုမိုကောင်းမွန်သည့်တရုတ်နိုင်ငံမှ ဂူကျောက်လုပ်ငန်းများသို့သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

### ဂူကျောက်လုပ်ငန်းလို့ ခေါ်တာပါ

"တရုတ်ဂူကျောက်လုပ်ငန်းတွေမှာ ဒီရွာကလူငယ်တွေ သွားလုပ်နေကြတာအများကြီးပါ။ တရုတ်ပြည်က ဂူကျောက်လုပ်ငန်းလုပ်တာ ရှစ်လကို ငွေကျပ်သိန်း ၂၀၀ လောက်စုမိနေပြီ။ သေရင်အထိမ်းအမှတ်အဖြစ် ဂူတွေမှာ ကျောက်နဲ့အလှဆင်ကြတာကို ဂူကျောက်လုပ်ငန်းလို့ ခေါ်တာပါ" ဟု ဦးမျိုးမြင့်က ပြောသည်။

နောက် ၁၀ နှစ်ခန့်တွင် ကျောက်ကုန်ကြမ်း တစ်စထက်တစ်စရှားလာရာ ကုန်ချောထုတ်ခြင်း နည်းသွားနိုင်သောကြောင့် ဝယ်လက်ကလည်း သတ္တုဆုံ၊ စဉ့်ဆုံများ အစားထိုးသုံးလာနိုင်ကြောင်း ခတ္တာကန်ရွာနေ သက်ကြီးဝါရင့်ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်နေသူ အဘိုးတစ်ဦးက ပြောသည်။

### ထုတ်ယူသုံးစွဲမှုများနေ

"အသက်ကြီးပိုင်းနဲ့ သက်လတ်ပိုင်းတွေသာ လုပ်ကြတာပါ။ လက်နဲ့လုပ်တဲ့သူက ငရုတ်ဆုံခုံတစ်လုံးရအောင် ခုတ်ပေးရင် ကျပ် ၂၀၀၊ မျက်နှာချောအောင်လုပ်တဲ့သူက တစ်လုံး ကျပ် ၁၅၀ ရတယ်။ စက်နဲ့လုပ်တဲ့သူက တစ်လုံးအပြီးကို ကျပ် ၅၀၀ ရတယ်။ စက်နဲ့လုပ်တဲ့သူက တစ်ရက်ကို အေးအေးဆေးဆေး ၁၅ လုံးပြီးတယ်။ လက်နဲ့လုပ်တဲ့သူကတော့ တစ်ရက် ငါးလုံး၊ ခြောက်လုံးပဲပြီးတယ်" ဟု အဘိုးက ငရုတ်ဆုံပြုလုပ်ရင်း ပြောပြသည်။

ခတ္တာကန်မြောက်ရွာတွင် ငရုတ်ဆုံ၊ ကျောက်ပျဉ်နှင့် အိမ်ဆောက်ပစ္စည်းကျောက်ပြားများ ပြုလုပ်ရန် အရှေ့ဘက် ဖိုးခေါင်တောင်တန်းမှ ကုန်ကြမ်းအဖြစ် နှန်းကျောက်နှင့် သဲကျောက်ကို ရယူရခြင်းဖြစ်ရာ လမ်းကျောက်အဖြစ်ပါ ထုတ်ယူသုံးစွဲမှုများနေသောကြောင့် ယခင်ကလောက် ကုန်ကြမ်းမရတော့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

# သီရိလင်္ကာတွင် ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုများအတွင်း သေဆုံးသူ ၃၀၀ နီးပါးရှိ ယင်းတိုက်ခိုက်မှုအတွက် အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့အား အစိုးရက ပြစ်တင်ပြောကြား

**ကိုလံဘို မေ ၂၂**

သီရိလင်္ကာနိုင်ငံတွင် ဧပြီ ၂၁ ရက်က ဖြစ်ပွားခဲ့သည့် လူအသေအပျောက်များစွာရှိသည့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများ၏ နောက်ကွယ်တွင် ဒေသခံအစ္စလာမ္မစ်အစွန်းရောက်အုပ်စုများရှိနေသည်ဟု ယုံကြည်ရကြောင်း သီရိလင်္ကာအစိုးရအဖွဲ့က မေ ၂၂ ရက်က ပြောကြားခဲ့သည်။ ယင်းအသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေ စုစုပေါင်း ၃၀၀ နီးပါးရှိပြီး သီရိလင်္ကာအစိုးရက ဧပြီ ၂၁ ရက် သန်းခေါင်ယံမှစ၍ နိုင်ငံတစ်ဝန်းတွင် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ယင်းအသေခံဗုံးဖောက်ခွဲမှုအား စုံစမ်းစစ်ဆေးနေသူများက အပြည်ပြည်ဆိုင်ရာမှ အထောက်အပံ့များရရှိထားသည့် အမျိုးသားသိုဟစ်ဂျာမာထရာ (အန်တီဂျေ) အဖွဲ့အနေဖြင့် ဧပြီ၂၁ ရက်တွင် ဖြစ်ပွားခဲ့သော ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် ဇိမ်ခံဟိုတယ်များအား ဗုံးဖောက်ခွဲမှုများ၌ ပါဝင်မှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။

မျိုးနွယ်စုဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာတင်းမာမှုများ စိုးရိမ်ဖွယ်ရာရှိနေစဉ် ယင်းအသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး သီရိလင်္ကာအစိုးရ တာဝန်ရှိသူများက ယင်းဖြစ်ရပ်များနှင့်ပတ်သက်၍ လူ ၂၄ ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်အချို့ကို ရယူနိုင်ခဲ့ကြောင်း ဆိုသည်။

အန်တီဂျေအဖွဲ့နှင့်ပတ်သက်၍ အချက်အလက်အများအပြား မသိရှိရသော်လည်း အေအက်ဖ်ပီမှ မှတ်တမ်းများအရ သီရိလင်္ကာရဲတပ်ဖွဲ့အကြီးအကဲက ဧပြီ ၁၁ ရက်တွင် သတိပေးချက်တစ်ရပ် ထုတ်ပြန်ရာ၌ နိုင်ငံခြားထောက်လှမ်းရေးအေဂျင်စီများ၏ သတင်းပေးမှုအရ အန်တီဂျေအဖွဲ့က ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် အိန္ဒိယနိုင်ငံ မဟာမင်းကြီးရုံးတို့ကို တိုက်ခိုက်ရန် စီစဉ်နေကြောင်း ဖော်ပြခဲ့သည်။

ကိုလံဘိုမြို့တွင် ဧပြီ ၂၁ ရက်က ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ၌ သေဆုံးသူအရေအတွက်သည် ဧပြီ ၂၂ ရက်တွင် ၂၉၀ အထိ မြင့်တက်သွားခဲ့ပြီး သေဆုံးသူများအနက် အများစုမှာ နိုင်ငံခြားသားများ ဖြစ်သည်။



ယင်းအသေခံဗုံးခွဲတိုက်ခိုက်မှုများသည် သီရိလင်္ကာ နိုင်ငံတွင် ဆယ်စုနှစ်တစ်ခုကျော်အတွင်း အဆိုးရွားဆုံး ဖြစ်သည်။

**အေအက်ဖ်ပီ**



# ကက်ရှ်မီးယားဒေသအရေးနှင့်ပတ်သက်၍ အိန္ဒိယနှင့်ဆွေးနွေးရန် အသင့်ရှိဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**တိုကျို မေ ၂၂**

အိန္ဒိယနိုင်ငံတွင် ကျင်းပနေသည့် အထွေထွေရွေးကောက်ပွဲအပြီးတွင် နှစ်နိုင်ငံအကြားစစ်ရေးအရ တင်းမာမှုများရှိနေသည့် ကက်ရှ်မီးယားဒေသအရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ရန် ပါကစ္စတန်နိုင်ငံက အသင့်ရှိနေကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မက်ခ်ဒွမ်ဆာ မက်မုဒ်ကွာရှီက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

မေ ၂၂ ရက် နံနက်ပိုင်းက ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ အင်န်အိတ်ချ်ကေသတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုတွင် ပါကစ္စတန်အနေဖြင့် အငြင်းပွားမှုများရှိနေသည့် ကက်ရှ်မီးယားဒေသမှ ပိုင်နက်နယ်မြေဆိုင်ရာကိစ္စများကို ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိစ္စသက်သက်အတွက် ဆွေးနွေးဖြေရှင်းလိုကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် အိန္ဒိယနိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပနေ၍ လက်ရှိအိန္ဒိယအစိုးရနှင့် မည်ကာမတ္တမျှရှိသည့် စေ့စပ်ဆွေးနွေးမှုများသာ ပြုလုပ်နိုင်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားပြီး ပါကစ္စတန်နိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲအပြီး၌ ပေါ်ထွက်လာမည့် အိန္ဒိယအစိုးရသစ်နှင့် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်သွားရန် အသင့်ရှိနေသည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ဆက်ဆံရေးနှင့်ပတ်သက်၍ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားရာ၌ တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု စီးပွားရေးဆိုင်ရာလုပ်ဆောင်မှုကို ပါကစ္စတန်အစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် စက်မှုကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ဆန္ဒရှိပြီး ယင်းဆောင်ရွက်မှုမှ ပါကစ္စတန်နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဟု ဆိုသည်။

ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းသည် လွန်ခဲ့သည့်နှစ်အတွင်းကပင် ပါကစ္စတန်နိုင်ငံ၌ အုပ်ချုပ်မှုအာဏာရယူခဲ့ပြီး နိုင်ငံအား ဦးဆောင်စီမံခန့်ခွဲရာတွင် ၎င်း၏အရင် တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှုလမ်းကြောင်းများနှင့်မတူညီသည့်လုပ်ဆောင်မှုများရှိကြောင်း၊ ပါကစ္စတန်ဝန်ကြီးချုပ်အနေဖြင့် အခြေခံအဆောက်အဦးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများအပေါ် အလေးပေးလုပ်ဆောင်နေသည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ကိုလံဘီယာတွင် မိုးရွာသွန်းမှုကြောင့် ရွံ့ညွှန်များပြိုကျ လူ ၁၄ ဦး သေဆုံးပြီး လူအချို့ဒဏ်ရာရ

**ဘိုဂိုတာ မေ ၂၂**

ကိုလံဘီယာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ဧပြီ ၂၁ ရက်က သေးငယ်သည့် လူနေရပ်ကွက်တစ်ခုအတွင်း၌ ရွံ့ညွှန်များ ပြိုဆင်းလာမှုကြောင့် လူနေအိမ်အချို့မှာ ရွံ့ညွှန်များ ဖုံးလွှမ်းမှုဖြစ်ပွားခဲ့ပြီး လူ ၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် လူအချို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကိုလံဘီယာ အမျိုးသားသဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ (ယူအင်န်ဂျီအာရ်ဒီ)က ပြောကြားသည်။

ရွံ့ညွှန်များပြိုဆင်းမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်းနှင့် ရှာဖွေတွေ့ရှိသူများကို ဒေသတွင်းရှိ ဆေးရုံတစ်ရုံ၌ ဆေးဝါးကုသမှုများ ခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း ရိုဆဂစ်မြို့မှ ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပမာဏကြီးမားသည့် ရွံ့ညွှန်များ ပြိုဆင်းမှုသည် ဧပြီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် ဖြစ်ပွားခဲ့ပြီး လူနေအိမ်ရှစ်လုံးပေါ်သို့ ရွံ့ညွှန်များ ကျဆင်းဖုံးလွှမ်းခဲ့ကြောင်း၊ ယင်းအချိန်တွင် ဒေသခံပြည်သူများ အိပ်စက်နေချိန်ဖြစ်ကြောင်း ကိုလံဘီယာ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအဖွဲ့ (ယူအင်န်ဂျီအာရ်ဒီ)က ပြောကြားသည်။

ယင်းဒေသတွင်း၌ ကူကာမြို့နှင့် အိမ်မ်နီးချင်း နာရီနိုမြို့တို့အား ဆက်သွယ်ထားသည့် ပန်-အမေရိကန် အဝေးပြေးလမ်းမကြီးမှာ ရွံ့ညွှန်များ ပြိုကျမှုကြောင့် ပြတ်တောက်သွားခဲ့သည်။

ယင်းရွံ့ညွှန်များ ပြိုကျမှုကြောင့် လူ ၃၀ ခန့်မှာ ပျောက်ဆုံးနေပြီး အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ သေဆုံးသူအရေအတွက် မြင့်တက်လာမည်ကို ညွှန်ပြနေကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြထားသည်။ **ဆင်ဟွာ**



# ကလေးငယ်များ၏ သွားနှင့်ခံတွင်းကျန်းမာရေးတိုးတက်မှုရှိရေး အမျိုးသားအစီအစဉ်တစ်ရပ် မွန်ဂိုလီးယားအစိုးရ စတင်ဆောင်ရွက်

**အူလန်ဘာတာ မေ ၂၂**

မွန်ဂိုလီးယားနိုင်ငံသည် ကလေးငယ်များအား သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းတို့ကို ပံ့ပိုးပေးမည့် အမျိုးသားအစီအစဉ်တစ်ရပ်ကို မေ ၂၂ ရက်တွင် စတင်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

သွားချို့ယွင်းမှုသည် မွန်ဂိုလီးယားကလေးငယ်များအကြား အများဆုံးပျံ့နှံ့နေသည့် နာတာရှည်ရောဂါဖြစ်ကြောင်း၊ ကလေးငယ်များ၏ သွားနှင့်ခံတွင်း ကျန်းမာရေးတိုးတက်မှုရှိရေး အမျိုးသားအစီအစဉ် စတင်သည့်အခမ်းအနားတွင် မွန်ဂိုလီးယား ကျန်းမာရေးဝန်ကြီး ဆာရန်ဂျာရယ်က ပြောကြားခဲ့သည်။

ကျန်းမာသောသွားနှင့် ကျန်းမာသောကလေးအစီအစဉ်သည် ကောင်းသောခံတွင်းသန့်ရှင်းရေးနှင့် ကျန်းမာရေးအလေ့အထကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ကြောင်းနှင့် သွားနှင့်ခံတွင်းကို စစ်ဆေးပေးခြင်း၊ ကုသပေးခြင်းတို့ကို ပြုလုပ်ပေးခြင်းဖြင့် သွားချို့ယွင်းခြင်းနှင့် သွားနှင့် ခံတွင်းဆိုင်ရာရောဂါများဖြစ်ပွားမှုကို ရှောင်ရှားနိုင်ရေးအကူအညီပေးမည်ဖြစ်ကြောင်း ဆာရန်ဂျာရယ်က ပြောကြားခဲ့သည်။

ပထမငါးနှစ်အစီအစဉ်၏ အပိုင်း (၁) အနေဖြင့် နိုင်ငံအတွင်း ရွေးချယ်ထားသည့် သွားနှင့် ခံတွင်းဆေးခန်း ၂၀၀ ကျော်က အသက်နှစ်နှစ်မှ ခြောက်နှစ်အရွယ် ကလေးငယ်များအား သွားနှင့်ခံတွင်း စစ်ဆေးပေးခြင်း၊ ကုသပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မွန်ဂိုလီးယားကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ရန် ရန်ပုံငွေကို မွန်ဂိုလီးယားအစိုးရက စီမံဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ အသက် ၂ နှစ်မှ ၁၂ နှစ်အကြား ကလေးငယ်စုစုပေါင်း ၇၂၅၀၀၀ ကို လွှမ်းခြုံမှုပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဥရောပနှင့် မြောက်အမေရိကသို့ ရှစ်ရက်ကြာခရီးစဉ် စတင်

■ ကျော်ထိုက်စိုး



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး တိုကျိုမြို့ ဟာနီဒါလေဆိပ်တွင် သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ယခုနှစ် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ချိန်အတွင်း လွတ်လပ်သော ကုန်သွယ်မှုကဲ့သို့သော ကမ္ဘာ့ရေးရာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် ထောက်ခံမှုရရှိရန် မျှော်လင့်ချက်ဖြင့် ရှစ်ရက်ကြာမည့် ဥရောပနှင့် မြောက်အမေရိကခရီးစဉ်ကို ယနေ့စတင်လိုက်ပြီဖြစ်သည်။

**ပြေလည်မှုရရှိစေရန် ကြိုးပမ်းသွားမည်**

တရုတ်နိုင်ငံက ဥရောပတိုက်တွင် ယင်း၏ "ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း" ဖြင့် ချဲ့ထွင်လာသောကြောင့် ရှင်ဇိုအာဘေး၏ခရီးစဉ်မှာ ဂျပန်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသည့် အခြားနိုင်ငံများ၏ အရည်အသွေးမြင့် အခြေခံအဆောက်အဦစီမံကိန်းများကို ကူညီတည်ဆောက်ပေးမည့် ရည်ရွယ်ချက်ကို မီးမောင်းထိုးပြမည်ဖြစ်သည်။ ဇွန်လနှောင်းပိုင်းတွင် အိုဆာကာမြို့တော်၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဂျပန်နိုင်ငံသို့လာရောက်မည့် ပထမဆုံးသောခရီးစဉ်အတွက် ဂျပန်နိုင်ငံက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ ဂျပန်နှင့် တရုတ်အကြား ဆက်ဆံရေးတွင် မကြာသေးမီက အဖုအထစ်အချို့ရှိခဲ့ရာ ရှင်ဇိုအာဘေးက ယင်းသို့သော ဆွေးနွေးမှုများဖြင့် ပြေလည်မှုရရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

"အခြားနိုင်ငံက ဝန်ကြီးချုပ်တွေနဲ့ အရေးကြီးကိစ္စရပ်တွေကို အမြင်ချင်းဖလှယ်ဆွေးနွေးပြီး ထိပ်သီးအစည်းအဝေးအောင်မြင်ဖို့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ခြောက်နိုင်ငံခရီးစဉ် မထွက်ခွာမီ တိုကျိုမြို့တော်ရှိ ဟာနီဒါလေဆိပ်၌ ရှင်ဇိုအာဘေးက သတင်းထောက်များသို့ ပြောကြားသည်။ ရှင်ဇိုအာဘေးသည် ယခုလအစောပိုင်းတွင် စတင်အသုံးပြုခဲ့သည့် အစိုးရပိုင် ဘိုးရင်း ၇၇၇-၃၀၀ ER လေယာဉ်ဖြင့် ခရီးစဉ်သွားရောက်မည်ဖြစ်သည်။ ဝန်ကြီးချုပ်နှင့် ဂျပန်ဧကရာဇ်တို့ အသုံးပြုသည့် ယခုလေယာဉ်မှာ ၁၉၉၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည့် အစိုးရပိုင် ယခင်အထူးလေယာဉ် ဘိုးရင်း-၇၄၇ ထက် ခရီးဝေးပျံသန်းနိုင်ပြီး လေယာဉ်အတွင်း ဝိုင်ဖိုင်လည်း ရရှိသည်။ ရှင်ဇိုအာဘေးသည် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများသို့ မသွားရောက်မီ ပြင်သစ်၊ အီတလီ၊ ဆလိုဗက်ကီးယားနှင့် ဘယ်လ်ဂျီယံသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး ဧကရာဇ် အာကီဟီတို ထီးနန်းမစွန့်မီတစ်ရက်အလို ဧပြီ ၂၉ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

**ခေါင်းဆောင်မှုကိုကျင့်သုံးရန် မျှော်လင့်**

ဂျပန်နိုင်ငံက ဂျီ-၂၀ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ချိန်အတွင်း အဓိကပြဿနာတစ်ခုမှာ ကမ္ဘာ့စီးပွားရေးအခြေအနေဖြစ်ပြီး အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံကြားအရှိန်မြင့်လာသော ကုန်သွယ်ရေးပွတ်တိုက်မှုနှင့် လွတ်လပ်သော ကုန်သွယ်မှုအတွက် ခြိမ်းခြောက်မှုကို ထင်ဟပ်စေကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။ ထိပ်သီးအစည်းအဝေးကျင်းပရန် အကြမ်းဖျင်းအားဖြင့် နှစ်လလိုသေးရာ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများကြား အမြင်အသီးသီးကို ညှိနှိုင်းဆောင်ရွက်ရာတွင် ခေါင်းဆောင်မှုကိုကျင့်သုံးရန် ရှင်ဇိုအာဘေးက မျှော်လင့်သည်။ အာဘေးက ခရီးစဉ်၏ပထမနိုင်ငံအဖြစ် ပြင်သစ်နိုင်ငံကိုရွေးချယ်ခဲ့ပြီး ယခုနှစ် ဂျီ-၇ အဖွဲ့ဥက္ကဋ္ဌ ပြင်သစ်နိုင်ငံနှင့် အနီးကပ်လက်တွဲဆောင်ရွက်ရန် မျှော်လင့်လျက်ရှိသည်။ အင်္ဂါနေ့တွင် ပြင်သစ်သမ္မတ အီမန်နျူရယ် မေခရွန်နှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း မီးဘေးသင့် Notre Dame Cathedral ခရစ်ယာန်ဘုရားကျောင်း ပြန်လည်တည်ဆောက်ရေးအတွက် ပံ့ပိုးကူညီပေးရန် အဆင်သင့်ရှိကြောင်း အာဘေးကထုတ်ဖော်ပြောကြားမည်ဟု မျှော်လင့်ရကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

**အကူအညီရရှိရန် မျှော်လင့်**

ဒုတိယမြောက်ခရီးစဉ်အတွင်း အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီနှင့်တွေ့ဆုံစဉ် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံ၏ဖော်ဆောင်ခဲ့သော အယူအဆတစ်ရပ်ဖြစ်သည့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်ပေါ်လာရေးအတွက် အီတလီနိုင်ငံ၏ အကူအညီရရှိရန် ရှင်ဇိုအာဘေးကမျှော်လင့်သည်။ ပြီးခဲ့သော မတ်လအတွင်း အီတလီနိုင်ငံက တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းကို လက်မှတ်ရေးထိုးသည့် ပထမဆုံးသော ဂျီ-၇ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ရှင်ဇိုအာဘေးမှာ ဆလိုဗက်ကီးယားနိုင်ငံသို့ သွားရောက်သည့် ပထမဆုံးသော ဂျပန်ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်ပြီး ဧပြီလ ၂၅ ရက်တွင် ဆလိုဗက်ကီးယား၊ ချက်သမ္မတ၊ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ပြုလုပ်ရန် စီစဉ်ထားသည်။ ဘရပ်ဆဲလ်မြို့တော်တွင် ရှင်ဇိုအာဘေးသည် ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျန်ကာတို့နှင့် လွတ်လပ်သော စည်းမျဉ်းအခြေခံ ကုန်သွယ်မှုကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။


**နှစ်နိုင်ငံစီးပွားရေးနှင့် လုံခြုံရေးရာများ ဆွေးနွေးမည်**

ဥရောပသမဂ္ဂက ဗြိတိန်နိုင်ငံကိုအီးယူမှ ထွက်ခွာရန် အောက်တိုဘာလ ၃၁ ရက်အထိ ခွင့်ပြုပြီးနောက် ဗြိတိန်နိုင်ငံအတွင်း လုပ်ကိုင်နေသည့် ဂျပန်ကုမ္ပဏီများအပေါ် အကျိုးသက်ရောက်မှုများ ရှိလာနိုင်မှုကို ဂျပန်နိုင်ငံက သတိပြုမှုကြောင့် ခေါင်းဆောင်များက Brexit ကိစ္စကိုလည်း ဆွေးနွေးဖွယ်ရှိသည်။ ထို့နောက် ရှင်ဇိုအာဘေးသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ကာ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးတွင် ပူးပေါင်းဆောင်ရွက်မှုကို ထပ်လောင်းအတည်ပြုရန် ဧပြီ ၂၆ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေ ပြဿနာဖြေရှင်းရန် ဒေါ်နယ်ထရန့်က စိတ်ဆန္ဒပြင်းပြလျက်ရှိရာ ကုန်သွယ်မှုမှာအရေးတကြီးဆွေးနွေးရမည့် ကိစ္စတစ်ခုဖြစ်လာဖွယ်ရှိနေသည်။ အမေရိကန်-ဂျပန် ကုန်သွယ်မှုသဘောတူညီချက်ဆိုင်ရာ ဒုတိယအကြိမ်မြောက် ဆွေးနွေးမှုများကို ခေါင်းဆောင်နှစ်ဦး မတွေ့ဆုံမီ ပြုလုပ်မည်ဟု မျှော်မှန်းရသည်။ ရှင်ဇိုအာဘေးသည် သမ္မတကတော် မယ်လာနီယာ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သမ္မတဒေါ်နယ်ထရန့်နှင့် ဂေါက်ရိုက်ကစားဖွယ်ရှိသည်။

အပြီးသတ်ခရီးစဉ်ဖြစ်သည့် ကနေဒါနိုင်ငံသို့ ရောက်ရှိစဉ် ရှင်ဇိုအာဘေးသည် ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရီဒေါနှင့် နှစ်နိုင်ငံစီးပွားရေးနှင့် လုံခြုံရေးရာကိစ္စရပ်များ ဆွေးနွေးမည်ဖြစ်သည်။

--ကိုးကား--ကျိုဒိုနယူး

## ကာဒစ်ဖ်ကို အနိုင်ရရှိပြီး လီဗာပူးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့



လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၅ အဖြစ် ကာဒစ်ဖ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၅၇ မိနစ်မှာ ဝစ်ဂျနယ်လ်ဒမ်နဲ့ ၈၁ မိနစ်မှာ ပင်နယ်တီကနေ ဂျိမ်းစ်မီနာတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အခုပွဲစဉ် အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲအရပ်ရပ်မှာ ကိုးပွဲဆက်တိုက်နိုင်ပွဲရရှိသည့်စံချိန်တင်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်က နည်းပြဘရန်ဒန်ရော့ဂျာ ကိုင်တွယ်ပြီးနောက်ပိုင်း နိုင်ပွဲဆက်မှု အရှည်ကြာဆုံးလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ လက်ရှိပွဲစဉ် ၃၅ အပြီးမှာ ရမှတ် ၈၈ မှတ်အထိ ရယူစုဆောင်းနိုင်ခဲ့ပြီး မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားထားကာ နှစ်မှတ်အသာနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

## ရီးယဲလ်မက်ဒရစ်က ဘီဘာအိုအား အနိုင်ရ

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန် လာလီဂါပွဲစဉ် ၃၃ အဖြစ် အိမ်ကွင်းဘာနေဗျူး၌ ဘီဘာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲကစားချိန် ၄၇ မိနစ်၊ ၇၆ မိနစ်နှင့် မိနစ် ၉၀ တို့တွင် တိုက်စစ်မှူး ဘင်ဇီမာက ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘင်ဇီမာသည် လက်ရှိတွင် လာလီဂါ သွင်းဂိုး ၂၁ ဂိုးအထိရှိထားခဲ့ပြီး ယခင်ကစားဖော်ဟောင်းဖြစ်သည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုထက်ပင် ပိုမိုဂိုးသွင်းယူထားနိုင်ခဲ့သည်။ စီရိုနယ်လ်ဒိုမှာ လက်ရှိတွင် ဂျူဗင်တပ်အသင်းနှင့် အီတလီစီးရီးအေ၌ သွင်းဂိုး ၁၉ ဂိုးသာ သွင်းယူထားနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘီဘာအိုအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အနီးကပ်ဆုံး ပြိုင်ဘက်အသင်းဖြစ်သည့် ဂီတာဖေးအသင်းကို ရမှတ် ၁၀ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

## အာဆင်နယ်နဲ့ လီဗာပူးက သော်ဂန်ဟာဇက်ကို အပြိုင်ခေါ်ယူမည်

အာဆင်နယ်အသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် မိုချန် ဂလာဘတ်ချ်အသင်းမှ ဘယ်လ်ဂျီယံကြယ်ပွင့် သော်ဂန်ဟာဇက်ကို ခေါ်ယူဖို့ အပြိုင်အဆိုင်စီစဉ်နေပါတယ်။

သော်ဂန်ဟာဇက်ဟာ ချယ်လ်ဆီးအသင်းကို နည်းပြမော်ရင်ဟို ဒုတိယအကြိမ် တာဝန်ယူကိုင်တွယ်စဉ်မှာ စတမ်းဖို့ဒ်ဘရစ်ချ်ကနေ ထွက်ခွာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကတည်းက ဂျာမနီမြေမှာ ခြေချခဲ့တာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ သော်ဂန်ဟာဇက်ကို ပရီမီယာလိဂ်ကလပ်အသင်းအတော်များများက ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့ လီဗာပူးအသင်းတို့ကတော့ ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ ခေါ်ယူဖို့ စီစဉ်နေပါတယ်။

# နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများနှင့် AA အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်

**နေပြည်တော် မေ ၂၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်လုံခြုံရေးစစ်ကြောင်းများနှင့် AA အဖွဲ့တို့ မေ ၂၁ ရက် ညနေပိုင်းက ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး AA အဖွဲ့ထံမှ မိုင်းများနှင့် မိုင်းထောင်ရာတွင် အသုံးပြုသည့် ဓာတ်မြေဩဇာအိတ်များ




သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် နယုန်တောင်ကျေးရွာအနီးဝန်းကျင် တစ်ဝိုက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများက နယ်မြေစိုးမိုးရေးလုပ်ငန်း များဆောင်ရွက်လျက်ရှိစဉ် ညနေ ၄ နာရီခန့်တွင် နယုန်တောင်ကျေးရွာ၏ အရှေ့မြောက်ဘက်၌ AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိတို့ဘက်မှ ပြန်လည်တိုက်ခိုက်ခဲ့ရာ ညနေ ၄ နာရီခွဲခန့်တွင် AAအဖွဲ့များသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေး သွားကြောင်း၊ ဖြစ်စဉ်တွင် ၎င်းတို့ထံမှ ဒေသန္တရလက်လုပ် နင်းမိုင်း ငါးလုံး၊ မိုင်းထောင်ရာတွင် အသုံးပြုသည့် ဓာတ်မြေဩဇာ ၁၀ အိတ်နှင့် ပစ်ကျင်း များအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာအနီး မောင်တော-အငူမော် ကားလမ်းဘေး၌ မေ ၂၁ ရက် ညပိုင်းတွင် AA အဖွဲ့ထောင်ထားသည့် မိုင်း နှစ်လုံး ပေါက်ကွဲခဲ့ကြောင်း။

ယင်းပေါက်ကွဲမှုနှင့်ဆက်စပ်သူများ မောင်တောမြို့နယ်၊ မောရဝတီ ကျေးရွာ၌ ခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ညပိုင်းတွင် ကျေးရွာအတွင်း ရှာဖွေစစ်ဆေးခဲ့ရာ မောရဝတီကျေးရွာနေ AA အဖွဲ့မှ ကျော်သိန်းကို ဖမ်းဆီးရမိခဲ့ပြီး လိုအပ်သည်များ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ယနေ့အချိန်ထိ ရခိုင်ပြည်နယ်အတွင်း အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းများပေါ်တွင် AAအဖွဲ့က မိုင်းထောင်ခဲ့သည့်အကြိမ် ၁၃ ကြိမ်၊ မိုင်း ၄၁ လုံးရှိပြီး ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများက လုံခြုံရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရ သည်။

**သတင်းစဉ်**



AA အဖွဲ့ထံမှ သိမ်းဆည်းရမိသော ဒေသန္တရလက်လုပ်မိုင်းများကို တွေ့ရစဉ်။



AAအဖွဲ့ ထောင်ထားသည့် မိုင်းပေါက်ကွဲသည့် နေရာအား တွေ့ရစဉ်။

## မောင်တောမြို့နယ်၌ လုံခြုံရေးဆောင်ရွက်ရန် ထွက်ခွာလာသည့် မော်တော်ယာဉ် မိုင်းဆွဲတိုက်ခိုက်ခံရ

**မောင်တော မေ ၂၂**

မောင်တောမြို့နယ် တောင်ပြို(ယာ) နယ်မြေရုံးမှ ကြိမ်ချောင်းနယ်မြေရုံးသို့ လုံခြုံရေးလိုက်ပါ ဆောင်ရွက်သည့် ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် တစ်စီး ယနေ့ နံနက်ပိုင်းက မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် တောင်ပြို၊ ငါးခူရ၊ ကြိမ်ချောင်းနယ်မြေရုံးတို့မှ တပ်ဖွဲ့ဝင်အချို့အား မော်တော်ယာဉ်ဖြင့် တောင်ပြို (ယာ)နယ်မြေရုံးမှ ကြိမ်ချောင်းနယ်မြေရုံးသို့ ပို့ဆောင်စဉ် မောင်တောမြို့နယ် နယ်မြေ(၄) ဇီးပင်ချောင်းလမ်းဆုံနှင့် လိပ်ရလမ်းဆုံအရောက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် ARSA အဖွဲ့ နှစ်ဖွဲ့က လမ်း၏ ဝဲ/ယာ တောင်ကုန်း ပေါ်မှ ဆွဲမိုင်းဆွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မိမိတပ်ဖွဲ့ ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ကြောင်း။

ဖြစ်စဉ်တွင် ယာဉ်မောင်း ဒုတပ်ကြပ် ရှိုင်းထက်အောင်၏ ယာမျက်လုံး ယမ်းငွေ့ရိုက်သည့် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး မော်တော်ယာဉ်မှာ ဦးခေါင်း ကြေမွပျက်စီးသွားခဲ့ကြောင်း၊ အဆိုပါနေရာအား တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ဝိုင်းမော်မြို့၌ ရောဝတီမြစ်ဆုံစီမံကိန်း အပြီးပိုင်ဖျက်သိမ်းရေး ပြည်သူများ ငြိမ်းချမ်းစွာ စီတန်း ဆန္ဒထုတ်ဖော်

**ဝိုင်းမော် မေ ၂၂**

ဝိုင်းမော်မြို့၌ ရောဝတီမြစ်ဆုံစီမံကိန်း အပြီးပိုင်ဖျက်သိမ်းရေး ပြည်သူများက ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခြင်းကို မေ ၂၂ရက် နံနက် ၈ နာရီတွင် ဝိုင်းမော်မြို့ အမှတ် (၃)ရပ်ကွက် လော်ဝေါ်ယဉ်ကျေးမှုဗိမာန်တော်၌ စုရပ်ပြုလုပ်ပြီး ဆုတောင်းဝတ်ပြုခြင်း အခမ်းအနားပြုလုပ်သည်။

ထို့နောက် အင်အား ၄၆၀၀ ခန့်က နံနက် ၉ နာရီတွင် လော်ဝေါ်ယဉ်ကျေးမှု ဗိမာန်တော်မှ သာဂရရပ်ကွက်၊ ထိုမှတစ်ဆင့် အမှတ်(၁) ရပ်ကွက် မြစ်ကမ်း နားဘေးတွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ပြီး ကြွေးကြော်သံများ ကြွေးကြော် ၍ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး စုရပ်ဖြစ်သည့် အမှတ် (၃)ရပ်ကွက် လော်ဝေါ် ယဉ်ကျေးမှုဗိမာန်တော်သို့ နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထီးချိုင့်မြို့နယ်အတွင်းမှ မူးယစ်ဆေးဝါး ငွေကျပ်သိန်း ၂၂၀၀ ကျော် သိမ်းဆည်းရမိ

**ထီးချိုင့် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ရောဝတီမြစ်ကူးတံတားထိပ် ကြက်သွန်းခင်း လမ်းဆုံနေရာမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် နံနက် ၅ နာရီခန့်တွင် ထီးချိုင့် မြို့မရဲစခန်းမှ ဒုရဲအုပ်သန်းကျော် ဦးစီးသောအဖွဲ့က ရောဝတီမြစ်ကူး တံတားထိပ် ကြက်သွန်ခင်းလမ်းဆုံ ပူးပေါင်းစစ်ဆေး ရေးဂိတ်နေရာတွင် မောင်မောင်စိုး (ခ) ဝမ်းလီရှောက် မောင်းနှင်ပြီး စိုးကျော်ညွှန့်လိုက်ပါသော ယာဉ်အား စစ်ဆေးရာ ယာဉ်မောင်း မောင်မောင်



စိုး(ခ) ဝမ်းလီရှောက်ထံမှ WY စိတ်ကြွဆေးပြား ၄၀ အား သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ယာဉ်မောင်း မောင်မောင်စိုး(ခ) ဝမ်းလီရှောက်နှင့် စိုးကျော်ညွှန့်တို့ အား ထပ်မံစစ်ဆေးရာ မေ ၂၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဖမ်းမိ ထားသော ယာဉ်၏ဘော်ဒီအား ဖွင့်ဖောက်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ် ၏ ဘော်ဒီအတွင်းမှဘိန်းဖြူ ဂရမ် ၂၀ (တန်ဖိုးငွေကျပ် သိန်း ၂၀)၊ ဘိန်းမည်း ၇ ဒသမ ၁၅ ကီလိုဂရမ်၊ (တန်ဖိုးငွေကျပ် ၂၁၄၅၀၀၀၀) နှင့် WY စိတ်ကြွဆေးပြား ၄၀၂၀၀ (တန်ဖိုးငွေကျပ် ၂၀၁၀၀၀၀၀၀)တို့အား ထပ်မံတွေ့ရှိရသဖြင့် မောင်မောင်စိုး (ခ) ဝမ်းလီရှောက် ကချင်ကုန်း အမှတ် (၇) ရပ် လားရှိုးမြို့နေသူနှင့် စိုးကျော်ညွှန့် ရှမ်းခိုလုံ (၁၂) ရပ်ကွက် လားရှိုးမြို့နေသူနှစ်ဦး တို့အား မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း သိရ သည်။

**ကသာခရိုင်ရဲတပ်ဖွဲ့**

## စစ်ကိုင်းမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းကျိုးကျ၍ ကလေးငယ်နှစ်ဦး ဒဏ်ရာရ

**စစ်ကိုင်း မေ ၂၂**

စစ်ကိုင်းမြို့နယ် ကင်းကျေးရွာအုပ်စုတွင် မေ ၂၁ ရက်က လေပြင်းတိုက်ခတ် မှုကြောင့် နေအိမ် တစ်လုံးပေါ်သို့ သစ်ကိုင်းကျိုးကျခဲ့သည့်အတွက် ကလေးငယ် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကင်းကျေးရွာအုပ်စုရှိ ဦးကျော်ဦး၊ ဒေါ်မာအေးတို့ နေအိမ်ခြံအတွင်းရှိ သရက်ပင်မှ သစ်ကိုင်း နေအိမ်ပေါ်သို့ ကျိုးကျသဖြင့် နေအိမ်ပိပြားပျက်စီးပြီး နေအိမ်အတွင်းရှိ မအေးချမ်း (၁၃) နှစ်မှာ ယာလက်ဖျံ ဒဏ်ရာပြင်းထန်ရရှိခဲ့ပြီး ၎င်းတို့နေအိမ်သို့ အလည် ရောက်ရှိနေသော ကင်းကျေးရွာနေ မောင်ဆန်းထွန်း (၉) နှစ်မှာ ခြေထောက် နှစ်ချောင်း ဒူးဆစ်အောက် ကြိုးပဲ့ကြေမွပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက် ဒဏ်ရာရရှိခဲ့သည့် မအေးချမ်းနှင့် မောင်ဆန်းထွန်းတို့အား မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ပျက်စီးသွားသည့် နေအိမ်မှ အိမ်ထောင်စုများအတွက် စစ်ကိုင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့က မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ကူညီ ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ဗုဒ္ဓဂယာ အောင်မြေမဟာသို့ ၁၂ ရက် ခရီး

မြင့်စိုး (နတလ)

**ရှိခိုးဦးတင်ကန်တော့ပန်းဆင်လျက်**

ဆောင်းပါးများအားလုံး ရေးသားပြီးချိန်တွင် မှီငြမ်းစာအုပ်များစာရင်း ဖော်ပြပေးပါမည်ဟု ကျွန်တော် ရှေးဦးစကားဆိုခဲ့ဖူးပါသည်။ ခရီးစဉ်အစမှအဆုံးအထိ ဖူးမြော်ကြည်ညို ကြည့်ရှုလေ့လာခွင့်ရခဲ့သည့် နေ့ရက် နေရာအလိုက် ဆရာတော်အရှင်သူမြတ်တို့၏ ဟောကြားညွှန်ပြမှုများ၊ အောင်ချမ်းသာဘုရားဖူးအဖွဲ့မှ MD ဒေါ်သဇင်မြင့်အောင်၊ ဦးသိန်းမြင့်နှင့် ညီတော်မောင်ဝေဖြိုးတို့၏ မော်တော်ယာဉ်ပေါ်မှာ ရှင်းလင်းပြောကြားမှုများကို နာယူမှတ်သားခဲ့ရပါသည်။ အချိန်အတိုင်းအတာအရ ယင်းသို့မှတ်သားမိသလောက်နှင့်တော့ ကျွန်တော်ဆောင်းပါးများရေး၍ ရမည်မဟုတ်ပါ။ ဗုဒ္ဓဂယာကိုရောက်ဖူးသူများ ပြန်လည်အမှတ်ရပြီး ကြည်ညိုသဒ္ဒါပွားနိုင်စေဖို့၊ မရောက်သေးသူများ၊ သွားရန်အားခဲထားသူများ၊ သွားဖို့စီစဉ်ပြီးသူများအတွက်လည်း ကြိုတင်မှန်းဆ ကုသိုလ်ပြုနိုင်စေဖို့ ရည်သန်လျက် ခရီးသွားဆောင်းပါးများရေးသားခဲ့ရာတွင် အဓိက မှီငြမ်းကိုးကားဖော်ပြခဲ့ရသော စာအုပ်နှစ်အုပ်ရှိပါသည်။ တစ်အုပ်က ရဟန်းဘွဲ့တော် အရှင်ပုညာနန္ဒဟု အမည်ရသော မဟာသခေ (မဂဓတက္ကသိုလ်)ရေးသားထားသည့် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေရာ မဇ္ဈိမဒေသဖြစ်သည်။ နောက်တစ်အုပ်မှာ ဒေါက်တာအရှင်နန္ဒကရေးသား သည့် မဇ္ဈိမဒေသ သံဝေဇနိယ လေးဌာနနှင့် ကြွင်းကျန်လျက်ရှိကြသော အိန္ဒိယရှေးဟောင်း ဗုဒ္ဓဘာသာအမွေအနှစ်များ စာအုပ်ဖြစ်သည်။ ဒေါက်တာအရှင်နန္ဒကသည် နာလန္ဒာ တရုတ်မြန်မာ ကျောင်းမှ တိုက်အုပ်ဆရာတော်ဖြစ်သကဲ့သို့ ကျွန်တော်တို့ဘုရားဖူးအဖွဲ့၏ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ခရီးစဉ်တွင် လိုက်ပါရှင်းလင်းဟောကြားပြသပေးသော ဆရာတော်ဖြစ်သည်။ ဆရာတော်များ၏ ဟောကြားမှုများ၊ တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများကို မှတ်သား၍ စာအုပ်ပါ အချက်အလက်များနှင့် ပြန်လည်တိုက်ဆိုင်စိစစ်ပြီး ယခုကဲ့သို့ ဆောင်းပါးများရေးသားနိုင်ခဲ့ခြင်းအတွက် စာရေးသူ အရှင်နှစ်ပါးအား ရိုသေလေးမြတ်စွာ ရှိခိုးဦးတင်လိုက်ရပါသည်ဘုရား။

**ကျွန်တော်တောသား ကားမမူးတော့ပါ**

၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ အစပြုဆွေးနွေးတိုင်ပင်ခဲ့ကြသော သည်ခရီးစဉ်။ ထိုအချိန်မှစ၍ အမည်စာရင်းတွေပေးကြ၊ Passport တွေလုပ်ကြ၊ ထည့်ဝင်ရမည့် ငွေကြေးတွေ တွက်ကြ ချက်ကြလုပ်နေချိန်မှာ ကျွန်တော်က သည်ခရီးစဉ်ကိုမလိုက်ပါဟု အကြောင်းပြန်ထားလိုက်သည်။ ကိုယ့်ဝမ်းနာကိုယ်သာသိသည်မဟုတ်ပါလား၊ ကျွန်တော့်တွင် မကောင်းသောအကျင့်တစ်ခုရှိ၏။ ကားကိုကိုယ်တိုင်မောင်းလျှင် ဘယ်တောဘယ်တောင် ဘယ်နကွေ့ပဲတက်ရတက်ရ ကားမမူးတတ်ပါ၊ သည်လိုမဟုတ်ဘဲ သူများမောင်းသည့်ကားဘေးမှထိုင်စီးလျှင် ကျွန်တော်အန်ပါတော့သည်။ အန်တာမှ ရုပ်ပျက်ဆင်းပျက်၊ တပည့်တွေကို ကျောကုန်းထုပေးပါဦးဟာ၊ ရေတိုက်ပါဦးဟာနှင့် အားလုံးကိုအလုပ်ရှုပ်စေခဲ့သည်။ ဝန်ထမ်းဘဝမှ အငြိမ်းစားမယူခင် နယ်မြေဒေသများသို့ ကွင်းဆင်းဆောင်ရွက်သည့်အခါ ခန္တီး-နမ့်ဖာ-တိုက်တီး-တကားလို ရေလမ်းခရီးမှအပ ကားစီးသည့်အခါတိုင်းအန်သည်။ ကိုအောင်ထင်ကျော်နှင့်သွားသည့် ဆင်သေ-လဟယ်လမ်းမှာ ထိန်ညိုတောင်သို့အတက် ကားပေါ်မှဆင်း၍ ဆိုင်ကယ်ကယ်ရီနောက်ကို ပြောင်းစီးခဲ့ရသည်။ ညီတော်မောင်ကိုအောင်ဆန်းဦးနှင့် ချင်းပြည်နယ်ခရီးစဉ်မှာလည်း တဝေါဝေါနှင့် ကိုအေးကိုနှင့် သွားခဲ့သော ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသက မော်ဖ(ခေါ်) မက်မန်းဒေသခရီးမှာလည်း ရောက်ချင်လွန်း၍သာ သွားခဲ့ရသည်။ ကျိုင်းတုံနှင့် မိုင်းပျဉ်းအကြား တောင်တွေစတက်ကတည်းက အခြေအနေသိပ်မဟန်တော့ပါ။ ညွှန်ကြားရေးမှူး(ငြိမ်း) ကိုညီညီလွင်နှင့်အတူ သွားခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ ဟိုမိန်းခရီးစဉ်မှာ တာဆွတ်တိန်းကူးတို့ဆိပ်သို့ မရောက်မီ ကျောက်တောင်ကွေ့၌ အန်ခဲ့ရသည်ကို ယနေ့တိုင် မမေ့ခဲ့။ ဤလိုပုံနှင့် မိုးကြီးချုပ်လျှင် အကျွန်ုပ်သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်က ရှည်လျားများပြားလှသော မော်တော်ကားခရီးစဉ်များကို အဘယ်ကဲ့သို့ရင်ဆိုင်ရပါမည်နည်း။ ကိုယ့်ကြောင့် သူတစ်ပါး စိတ်အနှောင့်အယှက်ဖြစ်မည်၊ ခရီးဖင့်နွှဲကုန်မည်စိုး၍ မလိုက်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ သို့တစေ ငြင်း၍မရပါ။ အတင်းခေါ်ကြသည်၊ ကားရှေ့ပိုင်းနေရာကို စီစဉ်ပေးပါမည်ဟု ပြောလာသည်။ လူ့ဘဝ တိုတိုလေးမှာ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ အမွန်မြတ်ဆုံးသောဒေသကိုတော့ဖြင့် အခွင့်သာနေခိုက်၊ ကျန်းမာရေးကောင်းနေခိုက် ရောက်ဖူးသင့်တာတော့ အမှန်ပင်ဖြစ်၏။ သည့်အတွက်ကြောင့် ကျွန်တော်ဆေးရှာရပြီ။ B6 တွေစား၊ ချင်းတက်တွေဝါး၊ ချက်နားကို



ပလာစတာကပ်ရုံမျှဖြင့်တော့ မရသည်ကို ကိုယ့်ဟာကိုယ်သိနေသည်။ ဘုရားဖူးလိုက်ရန် သူငယ်ချင်းများနှင့် အထုံရေစက်ပါလာလို့ပဲ ဖြစ်မည်။ စတုဂျရွန် (Stugeron) ဆေးကိုတွေ့ခဲ့သည်။ ဆေးကတ်ကိုဝယ်၍ ပူတာအိုဒေသက မချမ်းဘော့- မငွေဇ- ခေါင်လန်ဖူး ကားလမ်းခရီးမှာ ကျွန်တော်စမ်းခဲ့သည်။ ကားမစီးမီ ၁၅ မိနစ်ခန့်ကြိုဝါးထားလိုက်ပါက တစ်နေကုန် အဆင်ပြေသည်။ မိဂဒါဝုန်မှ သာဝတ္ထိလို မိုင် ၂၀၀ ကျော်သွားရသောခရီးမျိုးသော်မှ နှစ်ကြိမ်ခန့်သာ သောက်ရပါသည်။ ခရီးစဉ် ၁၂ ရက်လုံး အဆင်ပြေ စိတ်ချမ်းသာစွာ သွားလာဖူးမြော်ကန်တော့နိုင်၍ ကျွန်တော်ကဲ့သို့ (တောသားမဟုတ်သည့်တိုင်) ကားမူးတတ်သူများ ဆောင်ထားနိုင်ကြပါရန် ကုသိုလ်ဖြစ်မျှဝေအသိပေးလိုက်ရပါသည်။

**နာလန္ဒာမှ ဂယာမြို့သို့ပြန်အဝင်**

အောင်ချမ်းသာဘုရားဖူးအဖွဲ့၏ အစီအစဉ်အရ လက်ယာရစ်ထွက်ခဲ့သော ကျွန်တော်တို့အဖွဲ့မိသားစုဝင် ၈၅ ဦး၊ လက်ဝဲရစ် ထွက်ခွာသွားခဲ့သော အခြားအဖွဲ့ဝင် ၆၄ ဦး စုစုပေါင်း ၁၄၉ ဦးတို့သည် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မွန်းလွဲပိုင်းတွင် ဂယာမြို့လေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့က ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် နာလန္ဒာမှ ဂယာမြို့သို့ပြန်လည်ဝင်ရောက်ခဲ့ကြသည်။ ထိုသို့ ဝင်ရောက်ခဲ့ကြရာတွင် ကြည့်ရှုလေ့လာရန်၊ ဖူးမြော်ကြည်ညိုရန် ကျန်နေသေးသောနေရာဖြစ်သည့် ရာဇဂြိုဟ်ပတ်ဝန်းကျင်သို့ ရောက်ရှိခဲ့ကြသည်။ ရှေးဦးစွာ ဗိမ္ဗိသာရ မင်းကြီးအား သားတော် အဇာတသတ်က အကျဉ်းချထားသော၊ အစာရေစာ အငတ်ထား၍ နောက်ဆုံးတွင် အာဏာပါးကွက်သားတို့က ခြေဖဝါးကိုဓားဖြင့်ခွဲ ရှားမီးခဲရဲရဲတင်ကာ သတ်ဖြတ်ခဲ့သော အကျဉ်းထောင်နေရာကို ရောက်ရှိခဲ့ကြသည်။ အဆိုတော်ကြီး ဒေါ်မာမာအေး၏သီချင်းကို ငယ်စဉ်ကပင် နားရည်ဝခဲ့သည်မို့ ဖြစ်စဉ်အားလုံးကတော့ သိပြီးဖြစ်ပါသည်။ သို့သော်အကျဉ်းထောင်အတွင်း ၁၀ ပေပတ်လည်လောက် အခန်းကျဉ်းလေးထဲကနေ လှမ်းမျှော်ကြည့်လိုက်ပါက မြတ်စွာဘုရားသီးတင်းသုံးနေထိုင်ရာ ဂိဇ္ဈကုဋ်တောင်ကို တွေ့မြင်နေရကြောင်း၊ အစာရေစာများဖြတ်တောက်၍ အငတ်ထားသည့်တိုင် ဘုရားရှင်ရှိရာသို့ရည်မှန်းကာ အဟောဗုဒ္ဓေါ၊ အဟောဓမ္မော၊ အဟောသံဃော အစချီသည့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တည်းဟူသော ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ဆင်ခြင်လျက် စင်္ကြံလျှောက်ရင်း အသက်ဆက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် စင်္ကြံမလျှောက်နိုင်ရန် ခြေဖဝါးဓားခွဲခဲ့ခြင်းဖြစ်ကြောင်း သိခွင့်ရခဲ့သည်။ ဤနေရာအရောက်တွင် ကံကြီးငါးပါးထိုက်သည့် မာတုဃာတက ဟုခေါ်သည့် အမိကိုသတ်ခြင်း၊ ပိတုဃာတက အဖကိုသတ်ခြင်း၊ အရဟန္တဃာတက ရဟန္တာကိုသတ်ခြင်း၊ သံဃဘေဒက သံဃာကို သင်းခွဲခြင်း၊ လောဟိတုပ္ပါဒက ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုလုပ်ခြင်းတည်းဟူသော အပြစ်တို့သည် အပါယ်ငရဲမှအပ အခြားလားရာမရှိကြောင်းကို ပြန်လည်သတိပြုဆင်ခြင်မိပါသည်။

ထိုမှ ပဏ္ဍဝတောင်ခြေသို့သွား၍ ကျောက်ဖျာပေါ်တွင်ထင်ကျန်ရစ်ခဲ့သော လှည်းဘီးရာများကို ကြည့်ရှုလေ့လာကြပါသည်။ အနက် ခြောက်လက်မမှ တစ်ပေခန့်အနက်ထိရှိနေသော လှည်းလမ်းကို အရှည်ပေ ၂၀၀ ခန့် တွေ့ခဲ့ရသည်။ ယင်းလှည်းဘီးရာများနှင့်ပတ်သက်၍ ဒဏ္ဍာရီဆန်ဆန် ဆိုရိုးစကားများ များစွာရှိခဲ့သည်။ အဇာတသတ်မင်းက ဝေသာလီပြည်ကို တိုက်ခိုက်ရန်မသွားမီ မဂဓ စစ်တပ်ကြီး စစ်ရေးလေ့ကျင့်ခဲ့သော လှည်းဘီးရာများဟုလည်းဆိုကြ၏။ ဖြစ်နိုင်ခြေရှိသည်မှာ မဂဓနိုင်ငံအတွင်း ရောင်းဝယ်ဖောက်ကားမှုစည်ကားများပြားသဖြင့် ထင်ကျန်ရစ်ခဲ့သော လှည်းဘီးရာများဖြစ်ဖို့များပါသည်။

**သုဇာတာ ဃနာနို့ဆွမ်းကပ်လှူသည့်နေရာ**

ဗကရောဟုခေါ်သည့် ရွာလေးအနီးတွင်ရှိပါသည်။ သုဇာတာသူဌေးသမီးသည် ထိုအရပ်ဒေသရှိ ညောင်ပင်တွင် အမျိုးကောင်းသားနှင့်ထိမ်းမြားခွင့်ရရန်၊ သားဦး ယောကျ်ားလေး မွေးဖွားလာစေရန် ဆုပန်ခဲ့ရာ ဆုတောင်းပြည့်သဖြင့် နှစ်စဉ်ဆွမ်းဘောဇဉ်များ ဆက်ကပ်ခဲ့သည်။ မြတ်စွာဘုရား ပွင့်မည့်နေ့၌လည်း ထိုညောင်ပင်အောက်၌ပင် ဃနာနို့ဆွမ်းကပ်လှူခွင့်ရခဲ့သည်။ ထိုနေ့က ကပ်လှူသော ဃနာနို့ဆွမ်းကို ၄၉ လုတ် ဘုဉ်းပေးတော်မူပြီးနောက် သတ္တသတ္တာဟ ခုနစ်ဌာန၌ ၄၉ ရက်တိုင်တိုင် ဖလသမာပတ်ဝင်စား၍ နေတော်မူခဲ့ကြောင်း မှတ်သားသိရှိရပါသည်။ အမှန်တကယ်ဆွမ်းကပ်လှူခဲ့သောနေရာမှာ လက်ရှိနေရာမှ မလှမ်းမကမ်းတွင်ရှိကြောင်း၊ အခြားဘာသာဝင်များ၏ ဘုရားကျောင်းတစ်ခုရှိနေ၍ တူးဖော်မှုမပြုခြင်းဖြစ်ကြောင်း သိရပါသည်။

**ကမာကူရပုံတူရုပ်ပွားတော်ကြီး**

ဂျပန်ဘုရားကြီးဟု လူသိများထင်ရှားပါသည်။ မဟာဗောဓိစေတီတော်၏ အနောက်တောင်ဘက် ယွန်းယွန်း နှစ်ကီလိုမီတာအကွာခန့်တွင် တည်ရှိပါသည်။ ၁၉၈၄ ခုနှစ်တွင် ဂျပန်နိုင်ငံ ဒိုင်ဂျိုကျို ဗုဒ္ဓဘာသာအဖွဲ့ကြီးမှ တည်ဆောက်ပူဇော်ခဲ့ရာ ၁၉၈၉ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် ရုပ်ပွားတော်မြတ်ကြီး၏ ဝဲယာ၌ ရုပ်တော်မူ ရဟန္တာ ငါးဆူစီကို မုဒြာအမျိုးမျိုးဖြင့် ထပ်မံတည်ထားကိုးကွယ်ခဲ့ပါသည်။

**ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုနိုင်ကြစေဖို့**

ဘုရားဖူးခရီးစဉ်ရက်များအတွင်း ခေတ္တတည်းခိုနေထိုင်ရာ ဘုန်းတော်ကြီးကျောင်းများမှာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်သူတွေရှိခဲ့သည်။ ထိုအလှူရှင်တွေထဲမှာ သူငယ်ချင်းဦးကောင်းစံဦး ဇနီး ဒေါ်နီလာအေးမိသားစု၊ ဦးသိန်းဦး ဇနီးဒေါ်ခင်မာဝင်း မိသားစု၊ ဦးလွင်နိုင်ဝေ ဇနီး ဒေါက်တာသန်းသန်းမြင့် မိသားစု၊ ဦးစိန်ဝင်း ဇနီး ဒေါ်ခင်အေးသွင် မိသားစု၊ သူရဦးစန်းလွင် ဇနီး ဒေါ်မာလာကျော်မိသားစု၊ ဦးသန့်ဇော် ဇနီး ဒေါက်တာတင်မိုးသန်း မိသားစုတွေအပြင် သူငယ်ချင်း ကောင်းစံဦးကတစ်ဆင့် လှူဒါန်းလာသော ဦးရန်မိုးလျှန် မိသားစုပါဝင်လာသဖြင့် အံ့သြခဲ့ရသေးသည်။ ထိုကဲ့သို့ ဆွမ်းအလှူများအပြင် ဦးသိန်းဦး မိသားစု၊ သူရဦးစန်းလွင် မိသားစုနှင့် ကျွန်တော်တို့ စစ်တက္ကသိုလ် အမှတ်စဉ် (၂၂) မိသားစုများအမည်ဖြင့် ဆောက်လုပ်ဆဲ ကုသိနာရုံဘုန်းကြီးကျောင်းတွင် အခန်းသုံးခန်းလှူခဲ့သည်။ ထို့အပြင် ရောက်လေရာ ဘုန်းကြီးကျောင်းများတွင် သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ဤအလှူဒါနအစုစုတို့၏ ကုသိုလ်အဖို့ဘာဂကို စာချစ်သူအပေါင်းတို့လည်း အညီအမျှရရှိစေဖို့ အမျှပေးဝေလိုက်ပါသည်။ ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုနိုင်ကြပါစေသတည်း။ ။

# ရွှေဘို၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

**ရွှေဘို မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် မေ ၂၁ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့ အမှတ်(၆)၊ အမှတ်(၇)နှင့် အမှတ် (၈) ရပ်ကွက်ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲကို ရွှေဘိုမြို့ အမှတ် (၆)ရပ်ကွက်ရှိ ရွှေတန်ဆာဘုရားဓမ္မာရုံ၌လည်းကောင်း၊ မွန်းလွဲ၁ နာရီက အမှတ် (၁၀) ရပ်ကွက်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌လည်းကောင်း ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လျှပ်စစ်မီးလင်းရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ ဆောင်ရွက်ပေးလျက်ရှိရာတွင် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့၏ အသံကို နားထောင်ပြီး ပြည်သူတို့၏ အခက်အခဲနှင့် လိုအပ်ချက်များအား တတ်နိုင်သမျှ ဖြေရှင်းဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ ချမှတ်ထားသောမူဝါဒနှင့်အညီ တိုင်းဒေသကြီးတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရေး အစဉ်တစိုက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အမှာစကားအသီးသီးပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက ရွှေဘိုမြို့ ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းများ ပြန်လည်တူးဖော်ပေးရေး၊ မြို့တွင်းလမ်းများကောင်းမွန်စေရေး၊ သောက်သုံးရေရရှိရေး၊ သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**





# ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ ထားဝယ်မြို့အတွင်းလှည့်လည်အပူဇော်ခံ

**ထားဝယ် မေ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးရှိထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ ရင်ငွေ့တော်လှုံ အပူဇော်ခံထားရှိသည့်ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဓမ္မာရုံ၌ မေ ၂၂ ရက် နံနက် ၅ နာရီက သံဃာတော်အရှင်သူမြတ်များသည် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား ဘုရားအနေကဇာတင် ရွတ်ဖတ်ပူဇော်သည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း ပြီး အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား ဘုရားကြီးဝင်းအတွင်းမှ ရွှေတောင်စားလမ်းအတိုင်း ကရပ်ပြင်လမ်းဆုံ မီးပွိုင့်အထိ၊ အာဇာနည်လမ်းအတိုင်း အစိုးရအဖွဲ့ရုံးရှေ့ မီးပွိုင့်အထိ၊ ၎င်းမှတစ်ဆင့် အလယ်လမ်း၊ နိဗ္ဗာန်လမ်း၊ ရေးလမ်းအတိုင်း ဒေသစာရီ လှည့်လည်ကြွချီ အပူဇော်ခံသည်။

ထိုသို့ အပူဇော်ခံရာလမ်းတစ်လျှောက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့များက လိုက်ပါကြည်ညိုကြသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူနှင့် ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များသည် ထားဝယ်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ဆက်လက်ကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ချမ်းအေးသာစံမြို့နယ် ၅၈ လမ်း၊ လမ်း ၃၀ နှင့် ၃၂ လမ်းကြား လမ်းသစ်ဖောက်လုပ်

**မန္တလေး မေ ၂၂**

မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမ်းအေးသာစံမြို့နယ် ၅၈ လမ်း၊ လမ်း ၃၀ နှင့် ၃၂ လမ်းကြားအား မတ် ၂၈ ရက်မှစတင်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနက ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းသည် အကျယ်ပေ ၆၀၊ အရှည် ၉၃၂ ပေရှိပြီး ကျောက်ချောလမ်းခင်းခြင်းပြီးစီးလျက်ရှိကာ Stabilized Soil တင်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းသွားမည်ဖြစ်သည်။ ၅၈ လမ်း ဖောက်လုပ်ပြီးစီးသွားပါက အောင်မြေသာစံမြို့နယ် ၁၉ လမ်းမှ ပြည်ကြီးတံခွန်မြို့နယ်အဆုံး အမှတ်(၆) ရေဆိုးထုတ်မြောင်းအထိ ဆက်သွယ်သွားလာနိုင်မည့် တောင်မြောက်လမ်းသစ်တစ်ခုဖြစ်လာမည်ဖြစ်သည်။

မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်သည် မေ ၂၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ချမ်းအေးသာစံမြို့နယ် ၅၈ လမ်း၊ လမ်း ၃၀ နှင့် ၃၂ လမ်းကြား လမ်းသစ်ဖောက်လုပ်နေသောလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**



# လှိုင်ကော်မြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်

**လှိုင်ကော် မေ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။



သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ကယားပြည်နယ်အတွင်းရှိစာကြည့်တိုက်များ၊ ရပ်ကွက်ကျေးရွာ စာကြည့်တိုက်များ၊ ကိုယ်ပိုင်စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များတွင် စုဆောင်းထိန်းသိမ်းထားသော စာအုပ်စာတမ်းများ၊ စာနယ်ဇင်းများနှင့် အခြားစာပေပစ္စည်းများကို စုဆောင်းထိန်းသိမ်းခြင်း၊ သမားရိုးကျနှင့် ခေတ်မီနည်းပညာများဖြင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် စနစ်ကျနမှုရှိစေရန် ရည်ရွယ်ပြီး အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါ်မြဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ မေ ၃ ရက်ထိဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နောင်ချိုမြို့တွင် စွယ်တော်ရိပ် အဝေးပြေးယာဉ်ရပ်နားစခန်းသစ် ဖွင့်ပွဲကျင်းပ

**နောင်ချို မေ ၂၂**

ရှမ်းပြည်နယ် နောင်ချိုမြို့ စွယ်တော်ရိပ် အဝေးပြေးယာဉ်ရပ်နားစခန်းသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက နောင်ချိုမြို့ ဈေးရပ်ကွက် မန္တလေး-လားရှိုးကားလမ်းအနီး၌ ကျင်းပသည်။

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးလင်းအောင်တို့က အဝေးပြေးယာဉ်ရပ်နားစခန်းကို ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သော ယာဉ်ရပ်နားစခန်းတွင် မူဆယ်၊ လားရှိုး၊ ပြင်ဦးလွင်၊ မန္တလေး၊ ရန်ကုန်စသည့်မြို့တို့မှ အဝေးပြေးယာဉ်များ နောင်ချိုမြို့ စွယ်တော်ရိပ်ကားဝင်း၌ ရပ်နားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အိုးစည်၊ ဒိုးပတ် လုပ်ငန်း


ရှမ်းအိုးစည် ပုံကြမ်းထွင်းထုနေစဉ်

**ရမည်းသင်း မေ ၂၂**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ ထန်းတောကျေးရွာလေးသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မြန်မာ့ရိုးရာတူရိယာ အိုးစည်၊ ဒိုးပတ်၊ ဆိုင်းဝိုင်းနှင့် ကလေးများ အပျော်တမ်းကစားစရာ အိုးစည်၊ ဒိုးပတ် ထုတ်လုပ်သည့် ကျေးရွာလေး ဖြစ်သည်။

မြန်မာ့ရိုးရာတူရိယာ အိုးစည်၊ ဒိုးပတ်အမျိုးမျိုးကို မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲတော်များတွင် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။ အိုးစည်၊ ဒိုးပတ် အမျိုးမျိုးကို ဒေသအလိုက် ဆိုဒ်မျိုးစုံဖြစ်သော ( ရှမ်းအိုးစည်၊ ခနအိုးစည်၊ ရန်ကုန်ဒိုး၊ မန္တလေးဒိုးနှင့် မြန်မာ့ဆိုင်းဝိုင်း) အစရှိသည်တို့ကို သစ်သားဖြင့် ပုံသွင်းပြီး စံကိုက်အရွယ်အစားဖြစ်စေရန် ပုံဖော်ကာ သားရေကြိုးထိုးပြီး အနုပညာလက်ရာမြောက်အောင် ဖန်တီးထုတ်လုပ်ရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**


ကလေးကစားစရာ အိုးစည်၊ ဒိုးပတ် များ


ဒိုးပတ် ပြုလုပ်ရန် သားရေ ပုံသွင်းနေပုံ


ရှမ်းအိုးစည် ပုံထွင်းနေပုံ


ရှမ်းအိုးစည်အမျိုးမျိုးနှင့် ဒိုးပတ်များပုံကြမ်း


ကလေးကစားစရာ အိုးစည်၊ ဒိုးပတ်

တိုတိုထွာထွာဖတ်စရာ

## တတိယတန်းသင်ရိုးသစ်သင်တန်းနှင့် ဆွေးနွေးပွဲကျင်းပ

**ခန္တီး**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၏ သင်ရိုးသစ်တတိယတန်း (Grade-3)သင်တန်း ခရိုင်အဆင့်ဆွေးနွေးပွဲကို မေ ၂၂ ရက်နေ့ နံနက် ၁၀ နာရီခွဲက ခန္တီးမြို့ အ-ထ-က ကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသင်တန်းကို မေ ၂၂ ရက်မှ မေ ၂၈ ရက်အထိ လေရှီး၊ လဟယ်၊ နန်းယွန်း၊ ဟုမ္မလင်း၊ ခန္တီးမြို့နယ်တို့မှ သင်တန်းသား ၂၂၀ တက်ရောက်ကြောင်းသိရသည်။ **ချန်လော( ခန္တီး)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဝတီခန်းမ၌ ခရိုင်အဆင့် တတိယတန်း G-3 သင်ရိုးသစ်သင်တန်းနှင့် ဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ဆရာ၊ ဆရာမ ၃၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၄ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

## တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းဖွင့်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၃၃) သင်တန်းဖွင့်ပွဲကို ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမ်းမိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး)၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၀၀ တို့တက်ရောက်ကြသည်။

သင်တန်းတွင် တန်းမြင့်မြေတိုင်းဘာသာရပ်၊ ဗဟိုမြေစာရင်းဘာသာရပ်၊ Total Station RTK-GPS များဖြင့် မြေတိုင်းတာခြင်းနှင့် ကွန်ပျူတာဖြင့် မြေပုံရေးဆွဲခြင်းပညာရပ်များကို စာတွေ့ လက်တွေ့ ၈၂ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမော်**

# တတိယတန်းသင်ရိုးသစ် ခရိုင်အဆင့်နည်းပြသင်တန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး မေ ၂၂**

ပဲခူးခရိုင်အဆင့် တတိယတန်း သင်ရိုးသစ်နည်းပြသင်တန်း ဆွေးနွေးပွဲကို ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ မေ ၂၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဆရာမကြီး ဒေါ်အေးအေးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်မာမာစုက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းစည်းကမ်းများအားရှင်းလင်း ပြောကြားကာ ပဲခူးမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်လွင်လွင်ဦးက အဆောင်စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



တတိယတန်း(သင်ရိုးသစ်)တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ (ပန်းချီ)နှင့် အနုပညာ(ဂီတ) ဘာသာရပ်များပါဝင်ပြီး သင်ရိုးသစ်များဖြင့် လေ့ကျင့်သင်ကြားခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများ၏ ဦးဆောင်ဖန်တီးမှုဖြင့် လက်တွေ့ဘဝတွင်တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ကိုယ်တိုင်ဖြေရှင်းနိုင်သည့် အခြေအနေများရရှိနိုင်ခြင်း၊ ပင်ကိုဉာဏ်အရည်အသွေးနှင့်စွမ်းရည်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်ရရှိလာခြင်း၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီစိတ်များ၊ တွေးခေါ်သုံးသပ်၊တီထွင်တတ်သော အလေ့အကျင့်များ ဘဝတွင် အသုံးချနိုင်သည်အထိ ကျွမ်းကျင်မှုများရရှိခြင်းစသည့်အကျိုးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း ကတ္တရာခင်း

**ရန်ကုန် မေ ၂၂**

ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ လမ်းသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ကြိမ်ချောင်းကိုဖြတ်၍ ကဒုံကနီအထိ ၆၇ ဒသမ ၅၉ ကီလိုမီတာရှိ ဘိုကလေးမြို့နယ်အတွင်းမှ ပင်လယ်ဝကျေးရွာ ၁၉ ရွာတို့၏ အားကိုးရာ ကျေးရွာချင်းဆက်လမ်းဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ ၁၆ အား ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ ၄၁ မိုင်၂ ဖာလုံအား မြေသားတာပေါင်လမ်းအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။

အဆိုပါ လမ်းပေါ်ရှိ တံတား ၃၇ စင်းအနက် မူလရှိပြီး တံတား သုံးစင်း၊ ယခုတည်ဆောက်ပြီးစီးသည့် တံတား ၂၈ စင်း၊ တည်ဆောက်ဆဲတံတား ခြောက်စင်း စုစုပေါင်း ၃၇ စင်းတို့အား တံတားအထူးအဖွဲ့များက တာဝန်ယူပြုပြင် တည်ဆောက်ခဲ့သည်ဟု သိရသည်။

ယခုအခါ ပြည်ထောင်စုအစိုးရ၏ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေ၊ ပြင်ထိန်းခွင့်ပြုရန်ပုံငွေ ရန်ပုံငွေနှစ်ရပ်စုစုပေါင်း ငွေကျပ် ၁၈၂၅ ဒသမ ၂၉၁ သန်းသုံးစွဲ၍ လမ်းနယ်နိမိတ်အကျယ်ပေ ၁၅၀၊ လမ်းတာပေါင်ထိပ်အကျယ် ၁၀ ဒသမ ၃၆ မီတာ၊ လမ်းတာပေါင်အမြင့် ၁ ဒသမ ၈၃ မီတာ၊ ပခုံးမြေသားတစ်ဖက်အကျယ် သုည ဒသမ ၉ မီတာ၊ ၃ ဒသမ ၆၆ မီတာ အကျယ် ကတ္တရာလမ်းအရှည် ၁၈ ဒသမ ၄ ကီလိုမီတာ၊ အမာခံလမ်း ၂၈ ဒသမ ၈ကီလိုမီတာ၊ မြေသားလမ်း ၁၈ ဒသမ ၈ ကီလိုမီတာတို့ကိုဆောင်ရွက်ထားရှိပြီး ရန်ပုံငွေရရှိပါက လမ်းမိုင်အားလုံး ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**



## ကသာမြို့တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

**ကသာ မေ ၂၂**

ကသာမြို့နယ် ဧရာဝတီမြစ်အတွင်း ပိန်းတောကျေးရွာ ကမ်းပြိုကာကွယ်ရေး မျောတိုင်တန်းနှင့် သဲအိတ်ခံရေကာကမ်းပြိုကာကွယ်ရေးလုပ်ငန်းအား ကသာမြို့နယ် ရေအရင်းအမြစ်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"၂၀၁၈ ခုနှစ် ရေကြီးချိန်ကာလမှာ ရွှေလီမြစ်ရေကြီးလာချိန် ဧရာဝတီမြစ်ရေနဲ့ ထိတွေ့ပေါင်းဆုံပြီး ရေများကျဆင်းမှုမရှိဘဲ ကမ်းပြိုကျခြင်းကြောင့် စိုက်ပျိုးသီးနှံ စုစုပေါင်း ၂၃ ဧကလောက် ကမ်းပါးပြိုကျပြီး ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ အခုလို ကမ်းပြိုကာကွယ်လုပ်ငန်းများ လုပ်ဆောင်ပေးလို့အားရကျေနပ်မှုရှိပါတယ်" ဟု ပိန်းတောကျေးရွာနေ ဦးစိုးမြင့်ဦးက ပြောပြသည်။

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Steel Cable Groyne ပေ ၁၅၀ ငါးခု တည်ဆောက်ခြင်း၊ မျောတိုင်တန်း သဲအိတ်ခံရေကာ ငါးခု စုစုပေါင်း ပေ ၁၆၅၀၊ ရေလမ်းကြောင်းပြောင်းလဲရေး အင်မျောတိုင်ကြီး ရေကာတည်ဆောက်ခြင်း ပေ ၈၂၀ အား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၀၁၈ - ၂၀၁၉ ခုနှစ်ဘဏ္ဍာနှစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကမ်းထိန်းနိုင်ရန် သဲအိတ် ၁၇၀၀ ကျော်ခန့်ထပ်မံ၍ကမ်းပြို ကာကွယ်မှုကို ခိုင်ခံ့စွာထိန်းသွားနိုင်စေရေး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## သဲကုန်း-ညောင်အိုင် ပန်းတာတည်ဆောက်ခြင်း ကြည့်ရှုစစ်ဆေး

**ဇလွန် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဧရာဝတီ ဟင်္သာတ တာမိုင် ၂၂/၄ - ၂၄/၀ အတွင်း သဲကုန်း-ညောင်အိုင်ပန်း တာသစ်တည်ဆောက်ခြင်းလုပ်ငန်းအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများသည် မေ ၂၂ ရက် နံနက် ၉ နာရီက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သဲကုန်း-ညောင်အိုင်ပန်း တာသစ်သည် အလျားပေ ၇၅၀၀ ရှိပြီး တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၉၀ ဒသမ ၈၆၈ ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီသုံးခုက အပိုင်းလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၅၁ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ပန်းတာသစ်တည်ဆောက်ပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဇလွန်၊ ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ ကျောင်းကုန်း၊ ငါးသိုင်းချောင်းမြို့နယ်တို့ရှိ လယ်မြေဧက သုံးသိန်းကျော်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ၄၇၆ အုပ်စုရှိ အိမ်ထောင်စုပေါင်း ၂၈၆၆၁၅ နှင့် လူဦးရေ ၁၂၅၁၆၈ တို့၏ ရေဘေးအန္တရာယ်ကင်းဝေးမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်ပေးမည့် ပန်းတာသစ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်၊ ဝေယံ**



# နယ်သာလန်နိုင်ငံတွင် မြန်မာနှစ်သစ်ကူးပွဲတော် ကျင်းပ

**မန္တလေး ဧပြီ ၂၂**

နယ်သာလန်နိုင်ငံ Utrecht မြို့ Single Park 5, 3984 N C, Odijk ခန်းမတွင် ဧပြီ ၂၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီက မြန်မာနှစ်သစ်ကူးပွဲတော် ကျင်းပသည်။

အဆိုပါ မြန်မာနှစ်သစ်ကူးပွဲတော်တွင် နယ်သာလန်-မြန်မာIBEC ကျောင်းတည်ထောင်သူ (စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင်) IBEC ဆရာတော် ဘဒ္ဒန္တသောဘိတ၊ မြန်မာသံအမတ်ကြီးဦးစိုးလင်းဟန်နှင့် Utrecht မြို့တော်အုပ်ချုပ်ရေးအရာရှိတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆရာတော်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနှစ်သစ်သို့ ကူးပြောင်းရာတွင် မိမိတို့၏ စိတ်နေစိတ်ထားများကို မကောင်းမှုမှ ကောင်းမှုဘက်သို့ ကူးပြောင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥရောပမြန်မာသံအမတ်ကြီးက ဥရောပမှာရောက်နေကြသော်လည်း မိခင်နိုင်ငံနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကြ မြန်မာ့ယဉ်ကျေးမှုကို မပျောက်ပျက်အောင်ပြသပေးကြသည်မှာ ပီတိသောမနဿဖြစ်ရပါကြောင်း၊ မြန်မာမိသားစုများအားလုံးကိုတတ်စွမ်းသမျှ မြန်မာသံရုံးမှ ဝန်းရံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသန္တရအုပ်ချုပ်ရေးအရာရှိကိုယ်စား ဒုတိယအုပ်ချုပ်ရေးမှူး Mr. Joris Eijberson က မြန်မာတို့ရဲ့ နှစ်သစ်ကူးပွဲတော်ကို ပထမဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ပြီး အင်မတန် စိတ်လှုပ်ရှားပါကြောင်း၊ နယ်သာလန်နိုင်ငံက မြန်မာနိုင်ငံသားများကိုလေးစားစွာ အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ယဉ်ကျေးမှု အကအလှများတင်ဆက်ပြသခြင်း စတုဒိသာဖြင့် တည်ခင်းကျွေးမွေးခြင်းများပြုလုပ်ခဲ့ကြောင်း နယ်သာလန် IBEC သတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# ရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း




**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဧပြီ ၂၁ ရက် ညနေ ၃ နာရီက ရေရှားပါးသော ငွေတောင်ကျေးရွာသို့ မီးသတ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ လှူဒါန်းခဲ့သည်။

ယင်းသို့လှူဒါန်းရာတွင် ၄ မိုင်ရပ်ကွက် ငွေတောင်ကျေးရွာရှိ လူဦးရေ ၃၇၈ ဦးခန့်အား သောက်သုံးရေ ဂါလန် ၁၆၀၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျေးရွာသားများကိုယ်စား ဦးညိုထွန်းက သောက်သုံးရေများ ပြတ်လပ်နေသည့်အချိန် မီးသတ်တပ်ဖွဲ့မှ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**တောင်သာ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၆) လူငယ်လူမှုကူညီရေးအဖွဲ့မှ ဧပြီ ၂၁ ရက် နံနက် ၆ နာရီက တောင်သာမြို့နယ် ဆည်ကုန်းကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ် ဆည်ကုန်းကျေးရွာသည် တောင်သာတောင်ကျောပေါ်တွင် တည်ရှိပြီး ရေအခက်အခဲဖြစ်ပေါ်လျက်ရှိရာ ကျေးရွာမှ ပြည်သူများက သောက်သုံးရေအတွက် အလှူရှင်များလိုအပ်နေကြောင်း အကြောင်းကြားချက်အရ မြင်းခြံမြို့ အမှတ် (၆) လူငယ်လူမှုကူညီရေးအဖွဲ့မှ ဦးကျော်နိုင်ဦးဆောင်၍ စေတနာရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် သောက်သုံးရေအခက်အခဲဖြစ်နေသော ဆည်ကုန်းကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

**ပုဗ္ဗသီရိ**

သောက်သုံးရေအခက်ကြုံနေသော နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရေအိုးစဉ်ကျေးရွာနှင့် သစ်ယာကုန်းကျေးရွာတို့သို့ မြို့နယ် တာဝန်ရှိသူများက ဧပြီ ၂၂ရက် နံနက် ၁၀ နာရီက သွားရောက်ရေလှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ ဥတ္တရခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးဝေဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဌေးတို့ ဦးဆောင်၍ ရေအိုးစဉ်ကျေးရွာသို့ရေဂါလန် ၂၀၀၀ နှင့်သစ်ယာကုန်းကျေးရွာသို့ ရေဂါလန် ၄၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကံချွန်(ပြန်/ဆက်)**

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ သောက်သုံးရေခက်ခဲသော ကျေးရွာများဖြစ်သည့် ပိတောက်ခြံကျေးရွာနှင့် ရုံးပင်ကုန်းကျေးရွာတို့သို့ ဧပြီ ၂၁ ရက် နံနက် ၈ နာရီမှစတင်၍ သောက်သုံးရေများကို ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့မှ သွားရောက်လှူဒါန်းခဲ့သည်။

ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်း ဦးဆောင်၍ စေတနာရှင် အလှူရှင်များ ပူးပေါင်း၍ သောက်သုံးရေခက်ခဲနေသော ကျေးရွာများဖြစ်သည့် ပိတောက်ခြံကျေးရွာနှင့် ရုံးပင်ကုန်းကျေးရွာတို့သို့ ကျေးရွာတစ်ရွာလျှင် ငါးဂါလန်ဆံ့ သောက်ရေဘူး ၅၀၀ကို သွားရောက်လှူဒါန်းပြီး ကျန်ရှိနေသော သောက်သုံးရေရှားပါးသည့် ကျေးရွာများကိုလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်း၏ ပြောကြားချက်အရ သိရသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

**မောက်မယ်**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နမ့်ခုံးရှမ်းများပရဟိတအသင်းခွဲ (မောက်မယ်) နှင့် အလှူရှင်တို့က ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက မောက်မယ်မြို့နယ်တွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ထိဝါးဖော့ကျေးရွာလူဦးရေ ၁၂၀၀ ခန့်အတွက် သောက်သုံးရေ ပလတ်စတစ်ဘူးဝါ ၄၀၀၊ ၂၀ လီတာ သောက်ရေသန့်ဘူး ၈၀၊ လွိုင်ဆမ်ဆစ်ကျေးရွာလူဦးရေ ၅၀၀ ခန့်အတွက် သောက်သုံးရေပလတ်စတစ်ဘူးဝါ ၂၀၀၊ ၂၀ လီတာ သောက်ရေသန့်ဘူး ၄၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**




# ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇ ရပ်ကွက် ဇေယျာဝဏ်လမ်း ဂန္ဓဝါစက ပရိယတ္တိစာသင်တိုက်တွင် ဧပြီ ၂၁ ရက် မနက် ၇ နာရီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တအရိယမေဓွအား ဂုဏ်ပြုပူဇော်ပွဲနှင့် ကျောင်းရေစက်ချ အလှူတော်မင်္ဂလာပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**

# သီပေါတွင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်

**သီပေါ ဧပြီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အုတ်ကျင်းရပ်ကုန်းတော် ပရိယတ္တိစာသင်တိုက်ကြီး၏ (၁၅) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ကုန်းတော်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ကုန်းတော်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာသာမိအရှင်သူမြတ်က ဗုဒ္ဓမန္တန်ဘုရားပင့်ဂါထာတော်ဖြင့် မြတ်စွာဘုရားရှင်အားပင့်ဆောင်၍ သာသနာ ၂၅၀၀ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလအရှင်သူမြတ်က ရောင်ခြည်တော်ခြောက်သွယ်ဂါထာတော်ဖြင့် ပူဇော်သည်။

ဆက်လက်၍ ကန်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိထံမှ အနုမောဒနာတရားနှင့် ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး မန္တလေးကျောင်းတိုက်မှ ဘဒ္ဒန္တဝိစိန္တအရှင်သူမြတ်က ပဋ္ဌာနဥယျောဇနဂါထာဖြင့် ပူဇော်၍ အုတ်ကျင်းရပ်ကွက် သာသနာ့ရောင်ခြည်ဝတ်အသင်းက သောင်းထိုက်စကြဝဠာမှ နတ်ဗြဟ္မာများအား ပဋ္ဌာန်းတရားတော်နာကြားရန် ပင့်ဖိတ်ကြသည်။

ယင်းနောက် ကုန်းတော်ကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနာ့ဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကုန္ဒဝံသဆရာတော်အရှင်သူမြတ်က ပဋ္ဌာန်းဒေသနာတော်ကြီးကို စတင်ရွတ်ဖတ်ပူဇော်တော်မူသည်။ အဆိုပါပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် သံဃာတော်အရှင်သူမြတ် ၂၅ ပါးက ဧပြီ ၂၅ ရက်ထိ ငါးရက်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# လယ်ယာလုပ်ငန်းခွင်ဝင် ထယ်ရေးပြင်

**ရမည်းသင်း ဧပြီ ၂၂**

သင်္ကြန်အပြီး ရွာသွန်းခဲ့သောမိုးဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိကျေးရွာများ၌ ဒေသခံတောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင် ထွန်ယက်ကြပြီဖြစ်ကြောင်း သိရသည်။

လယ်ယာလုပ်ငန်းခွင်ဝင် ထွန်ယက်ရာတွင် ထယ်ရေးပြင်ကြိုတင်ပြင်ဆင်ကြခြင်းဖြစ်သည်ဟုသိရပြီးနောက် မိုးရွာပြီး မြေအစိုဓာတ်ရရှိသောအခါ စိုက်ပျိုးနိုင်ရန်အတွက် ထွန်ယက်ခြင်းဖြစ်သည်ဟု သိရသည်။

လယ်တစ်ဧကလျှင် နွားသုံးရှဉ်းထွန်မှပြီးနိုင်ကြောင်း၊ ထွန်နွားတစ်ရှဉ်းငှားလျှင် ငွေကျပ် ၇၀၀၀ ပေးရကြောင်း၊ လယ်ယာလုပ်သားရှားပါး၍ လယ်ယာသုံးထွန်စက်များ ငှားရမ်းထွန်ယက်ကြရကြောင်း၊ လယ်ယာသုံးထွန်စက် ငှားရမ်းထွန်ယက်ပါက တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀ မှ ၁၈၀၀၀ ဝန်းကျင်ပေးရကြောင်း၊ ဒေသတစ်နေရာနှင့်တစ်နေရာ ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

ယခုအခါ နွားထွန်ရှဉ်းများ၊ လယ်ယာသုံးထွန်စက်များ အငှားလိုက်ရ၍ ဝင်ငွေရကြောင်းသိရပြီး တောင်သူများအဖို့ မိုးဦးသီးနှံစိုက်ပျိုးရန်အတွက် လယ်ယာလုပ်ငန်းခွင်ဝင် ပြင်ဆင်ထွန်ယက်ကြပြီဖြစ်သည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်တွင် ဖွဲ့စည်းတည်ထောင်ထားသော ‘စိုးမိုးသူ’လူမှုကူညီရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးစိုးမိုးသူနှင့် အဖွဲ့ဝင် ၂၀ တို့သည် ဧပြီ ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ (နေပြည်တော်)**

## TWICE ရဲ့တေးဗီဒီယိုသစ် ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " TWICE " ဟာ လတ်တလောမှာတော့ တေးဗီဒီယိုသစ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပြီဖြစ်ပါတယ်။ ပရိသတ်တွေ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရတဲ့ တေးဗီဒီယို "Fancy" ကို စတင်ထုတ်လွှင့်ပေးခဲ့ပြီး တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာခဲ့ပြီလည်း ဖြစ်ပါတယ်။

"TWICE" ဟာ ခုနစ်ခုမြောက် မီနီတေးအယ်လ်ဘမ်နဲ့အတူ ခေါင်းစီးတေးအတွက် တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ပေးခဲ့တာပါ။ တေးသီချင်းသစ်တွေနဲ့ အောင်မြင်မှုတွေ ထပ်လောင်းရရှိခဲ့ပြီး မှတ်တိုင်သစ်တွေ စိုက်ထူနိုင်ခဲ့တဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတွေနဲ့ ဘယ်လိုမှတ်တိုင်သစ်တွေ စိုက်ထူနိုင်မလဲဆိုတာကိုတော့ မကြာမီတွေ့မြင်ရမှာ ဖြစ်ပါတယ်။ "Fancy" တေးဗီဒီယိုဟာလည်း အဖွဲ့ရဲ့ ယခင်က တွေ့မြင်နေကျ ပုံစံနဲ့အတော်လေးကွဲပြားနေကာ ပိုမိုဆွဲဆောင်မှုရှိတာကိုလည်း တွေ့ရကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

## ချစ်သူသစ်ရှာနေတယ်လို့ သတင်းတွေ ထွက်လာတဲ့ အဒဲလ်




ဗြိတိန် ပေါ့ပ်ကြယ်ပွင့် အဒဲလ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ခင်ပွန်း ဖြစ်သူ ဆိုင်မွန်ကော်နက်စကီနဲ့ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော် ပြောကြားလာခဲ့ပါတယ်။ အဒဲလ်ဟာ ခင်ပွန်းနဲ့ လမ်းခွဲခဲ့တဲ့ သတင်းထွက်ပေါ်ပြီး မကြာမီမှာပင် ချစ်သူသစ်ရှာနေကြောင်း သတင်းတွေဟာ လတ်တလောမှာတော့ ပေါ်ထွက်လာခဲ့တာကိုလည်း တွေ့ရပါတယ်။

ပေါ့ပ်ကြယ်ပွင့်နဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ အဒဲလ်ဟာ အချစ်သစ်ကို ရှာဖွေလိုကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ သိရပါတယ်။ သူနဲ့ သင့်လျော်မယ့်သူတစ်ဦးနဲ့ တွေ့ဆုံလိုနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ အဒဲလ်က အိမ်ထောင်သက်သုံးနှစ်ခန့်ရှိပြီဖြစ်တဲ့ ဆိုင်မွန်ကော်နက်စကီနဲ့ ကွဲကွာခဲ့ပြီဖြစ်ကြောင်း ကိုယ်စားလှယ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ အဒဲလ်နဲ့ ဆိုင်မွန်ကော်နက်စကီတို့ဟာ အသက်ခြောက်နှစ်အရွယ်သားလေး တစ်ဦးရှိပြီး ကလေးကိုတော့ နှစ်ဦးသားအတူ စောင့်ရှောက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဒဲလ်ဟာ သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာတွေကို လျှို့ဝှက်တတ်သူတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲမှာတော့ ဆိုင်မွန်ကော်နက်စကီကို ခင်ပွန်းအဖြစ် ထုတ်ဖော်ပြောကြားလာကာ တရားဝင်လက်တွဲလာတာဖြစ်ပါတယ်။



## စင်မြင့်ထက်မှာ ပြန်လည်ဆုံတွေ့ခဲ့ကြတဲ့ ဂျက်စတင်ဘီဘာနဲ့ အရီရန်နာဂရန်းဒ်

ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာနဲ့ အရီရန်နာဂရန်းဒ်တို့ဟာ တေးသီချင်းတွေ တွဲဖက်ဖျော်ဖြေခဲ့ခြင်းမရှိတာ အတော်လေးကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာပြုလုပ်ခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲမှာတော့ စင်မြင့်ထက်မှာ အတူတွဲဖက်သီဆိုကာ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ ယခုနှစ်ရဲ့ " Coachella" တေးဂီတဖျော်ဖြေပွဲမှာတော့ ဂျက်စတင်ဘီဘာနဲ့ အရီရန်နာဂရန်းဒ်တို့ တွဲဖက်ဖျော်ဖြေခဲ့ကြတာတွေ့ရပါတယ်။ လတ်တလောမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာဟာ တေးဂီတလှုပ်ရှားမှုတွေ နည်းပါးခဲ့ပြီး ဖျော်ဖြေပွဲတွေကိုတော့ ရပ်နားထားခဲ့တာ အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ အရီရန်နာဂရန်းဒ်ရဲ့ဖျော်ဖြေပွဲမှာ ပါဝင်ခဲ့ပြီး ပရိသတ်တွေကို အတော်လေးအံ့အားသင့်စေခဲ့တာလည်း ဖြစ်ပါတယ်။

ဖျော်ဖြေပွဲမှာ အရီရန်နာဂရန်းဒ်က ယခုဖျော်ဖြေပွဲမှာ သူ့အနေနဲ့ ဧည့်သည်ဖိတ်ကြားထားခြင်းမရှိကြောင်း၊ သို့သော် သူငယ်ချင်းဖြစ်သူ ဂျက်စတင်ဘီဘာက သူ့ရဲ့အချိန်အချို့ကို ပရိသတ်တွေနဲ့ ကုန်ဆုံးသွားမှာဖြစ်ကြောင်း၊ ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ ဖျော်ဖြေခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ကမ္ဘာကျော် ပေါ့ပ်ကြယ်ပွင့်နှစ်ဦးဟာ "Sorry" တေးသီချင်းကို အတူတွဲဖက်ဖျော်ဖြေခဲ့ကြပါတယ်။ ဖျော်ဖြေမှုအပြီးမှာတော့ ဂျက်စတင်ဘီဘာက သူ့ရဲ့သီဆိုမှုကို အားပေးခဲ့ကြတဲ့အတွက် ကျေးဇူးတင်ကြောင်းနဲ့ စင်မြင့်ထက်မှာ ဖျော်ဖြေခြင်းမရှိတာ နှစ်နှစ်ခန့်ရှိခဲ့ပြီး ယခုမှ ပြန်လည်ဖျော်ဖြေခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် ဂျက်စတင်ဘီဘာက သူ့ရဲ့တေးအယ်လ်ဘမ်သစ် မကြာမီထွက်ရှိလာမှာဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျက်စတင်ဘီဘာနဲ့ အရီရန်နာဂရန်းဒ်တို့ဟာ မကြာသေးမီက စတင်ထုတ်လွှင့်ပေးခဲ့တဲ့ "Earth" တေးဗီဒီယိုမှာလည်း အတူပါဝင်ထားကြပါတယ်။ ဒီတေးဗီဒီယိုဟာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲလာမှုတွေကို သတိထားမိစေဖို့ ရည်ရွယ်ရိုက်ကူးထားတဲ့ တေးဗီဒီယိုဖြစ်ပြီး ကမ္ဘာကျော်တေးသံရှင်တွေများစွာ အတူပါဝင်သီဆိုထားကြတာကိုလည်း တွေ့ရပါတယ်။

## ဗြိတိန်တေးသံရှင်တွေနဲ့ တွဲဖက်ကာ တေးသီချင်းတွေ ဖန်တီးလိုကြောင်း BLACK PINK ဆို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " BLACK PINK" က လတ်တလောမှာတော့ တေးသီချင်းသစ်တွေ ပူးပေါင်းဖန်တီးလိုတဲ့ ကမ္ဘာကျော်တေးသံရှင်တွေကို ထုတ်ဖော်ပြောကြားလာပါတယ်။ အဖွဲ့ဝင်တွေရဲ့ ပြောကြားချက်အရ နာမည်ကျော် ဗြိတိန်တေးသံရှင်တွေနဲ့ လက်တွဲလိုတာကိုတွေ့ခဲ့ရကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက အဆိုပါတေးဂီတအဖွဲ့ဝင်တွေဟာ ယူကေမှာ အင်တာဗျူး ဖြေကြားခဲ့တာဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ လက်တွဲလိုတဲ့ ဗြိတိန်တေးသံရှင်တွေနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရို့စ်က ရီတာအော်ရာနဲ့လက်တွဲလိုကြောင်း ဖြေကြားခဲ့ပါတယ်။ ဂျန်းနီကတော့ အဒဲလ်ဖြစ်ကြောင်း ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

" BLACK PINK" ဟာ ကျော်ကြားတဲ့ဗြိတိန်တေးသံရှင်တစ်ဦးဖြစ်သူ ဒူအာလီပါနဲ့ တေးသီချင်းတစ်ပုဒ်ကို ပူးပေါင်းဖန်တီးကာ ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းတေးသီချင်းနဲ့ ဗြိတိန်ရဲ့ တေးဂီတဇယားမှာ ထိပ်တန်းစာရင်းဝင်ခဲ့ပါတယ်။ ဒီလိုပါဝင်ခွင့်ရခဲ့တာဟာ " BLACK PINK" အတွက် တော့ ပထမဆုံးဖြစ်ခဲ့ပြီး ဒူအာလီပါနဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်း "Kiss and Make Up" ဟာ ဗြိတိန်တေးဂီတဇယားမှာ နံပါတ် ၃၆ နေရာ မှာ ရပ်တည်နိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



## အာလာဒင်ရုပ်ရှင်သစ်ကို စင်ကာပူမှာ အထူးပွဲ ပြသသွားမည်

ပရိသတ်တွေ အထူးအားပေးနှစ်ခြိုက်ခဲ့ကြတဲ့ အာလာဒင်ရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ကာ တေးဂီတရုပ်ရှင်အဖြစ် ဖန်တီးထားတဲ့ ရုပ်ရှင်သစ်ကိုတော့ လတ်တလောမှာ ကမ္ဘာတစ်ဝန်းအထူးပွဲတွေပြသဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီလို အထူးပွဲပြသွားမယ့်အထဲမှာ လာမယ့်ဇူလိုင်လအတွင်းမှာတော့ စင်ကာပူမှာ ပြသသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အာလာဒင်ရုပ်ရှင်သစ်ကို လတ်တလော နယူးယော့ခ်မှာ အထူးပွဲ ပြသခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် လန်ဒန်၊ တိုကျို၊ ဂျာမနီနဲ့ ဩစတြေးလျတွေမှာလည်း ပြသခဲ့ပြီးဖြစ်ပါတယ်။ စင်ကာပူမှာတော့ လာမယ့် ဇူလိုင် ၂၁ ရက်မှာ ပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။



## ချစ်သူတွေဖြစ်နေကြောင်း ပြောကြားလာတဲ့ နမ်တေးယွန်နဲ့ ဂျန်ဂျေးအင်





တောင်ကိုရီးယားကြယ်ပွင့်စုံတွဲတစ်တွဲ ထပ်မံပေါ်ထွက်လာခဲ့ပြန်ပြီဖြစ်ပါတယ်။ လတ်တလောမှာ ချစ်သူတွေဖြစ်နေကြကြောင်း တရားဝင်အသိပေးလာခဲ့သူတွေကတော့ နမ်တေးယွန်နဲ့ ဂျန်ဂျေးအင်တို့ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နမ်တေးယွန်နဲ့ ဂျန်ဂျေးအင်တို့ဟာ ရုပ်သံအစီအစဉ်တစ်ခုမှာ စတင်တွေ့ဆုံခဲ့ကြတာကနေ ရင်းနှီးခဲ့ကြတာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြပြီး မကြာသေးမီက ကော်ဖီဆိုင်တစ်ဆိုင်မှာ ချိန်းဆိုတွေ့ဆုံခဲ့ကြတာ တွေ့ရပါတယ်။ tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လုပ်သွားမယ့် "Workshop" အစီအစဉ်မှာ ကြယ်ပွင့်နှစ်ဦး အတူပါဝင်ခဲ့ကြတာဖြစ်ပြီး ဒီအစီအစဉ်ကိုတော့ လာမယ့် မေ ၁ ရက်မှာ စတင်ထုတ်လွှင့်မှာ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

## မကွေးမြို့ Heart to Heart အပန်းဖြေစခန်းသာ ရေကစားကွင်းတွင် လာရောက်အနားယူ ရေကစားကြသူများဖြင့် စည်ကား

**မကွေး ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဇောခိတစ်ထောင်ဘုရားသို့သွားရာ မကွေးမြို့ရှောင်လမ်းဘေးအနီးတွင် ဖွင့်လှစ်ထားရှိသည့် Heart to Heart ခေတ်မီကစားကွင်း ရေလျှောလျှောစီးနှင့် ရေလှိုင်းစီး အပန်းဖြေကမ်းခြေစခန်းသာတွင် နေ့စဉ်လာရောက်အပန်းဖြေရေကစားကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ Heart to Heart ခေတ်မီကစားကွင်း ရေလျှောလျှောစီးနှင့် ရေလှိုင်းစီး အပန်းဖြေကမ်းခြေစခန်းတွင် ကလေး၊ လူကြီးကျား၊ မ မရွေးရေလျှောလျှောစီးခြင်း၊ ရေလှိုင်းစီး၍ အပန်းဖြေနိုင်ခြင်းအပြင် မြိုင်ဆိုင်မြူးကြွသော ခေတ်ပေါ်တေးသီချင်းများကို နားဆင်ရင်း အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေအနားယူနိုင်ကြောင်းနှင့် အပန်းဖြေစခန်းအတွင်း စားသောက်ဆိုင်များမှ တရုတ်၊ မြန်မာအစားအစာများကို လွယ်လင့်တကူ မှာယူစားသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိပေးထားကြောင်း သိရသည်။

"ကျွန်တော်တို့ မကွေးမြို့ရှောင်လမ်းဘေးအနီးမှာ ဖွင့်လှစ်ထားတဲ့ Heart to Heart ခေတ်မီကစားကွင်း ရေလျှောလျှော စီးနှင့် ရေလှိုင်းစီး အပန်းဖြေကမ်းခြေစခန်း သာကို ယခုရက်ပိုင်း မကွေးမြို့ပေါ်ရှိ ဒေသခံပြည်သူတွေနဲ့ ရပ်ဝေးရပ်နီးက ပြည်သူတွေ လာရောက်အပန်းဖြေ ရေကစားကြလို့ အလွန်စည်ကားနေပါတယ်။ ဒီအပန်းဖြေစခန်းသာကို ဧပြီ ၁၁ ရက်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ဝင်ကြေးအနေနဲ့ အသက် ခုနစ်နှစ်အောက်ကလေးတစ်ဦးကို ငွေကျပ် ၂၀၀၀၊ လူကြီးတစ်ဦးကို ငွေကျပ် ၃၀၀၀ ဝင်ကြေးခဈေးနှုန်းတွေ သတ်မှတ်ထားပြီး တစ်နေကုန် ရေကစားလို့ရပါတယ်။ ပြည်သူတွေအနေနဲ့ မိသားစုနဲ့ပဲဖြစ်ဖြစ်၊ သူငယ်ချင်းအပေါင်းအသင်းများနဲ့ပဲဖြစ်ဖြစ် အေးအေးလူလူ အပန်းဖြေလို့ကောင်းတဲ့ နေရာလေးတစ်ခုဖြစ်ပါတယ်။ ယခုရက်ပိုင်းက ရာသီဥတုအပူချိန်ကပြင်းတော့ အေးအေးချမ်းချမ်း အနားယူလို့ကောင်းတဲ့နေရာတွေကို ပြည်သူတွေက စိတ်ဝင်တစား လည်ပတ်ကြတာများပါတယ်"ဟု အဆိုပါ Heart to Heart ခေတ်မီကစားကွင်းရေလျှောလျှောစီးနှင့် ရေလှိုင်းစီး အပန်းဖြေကမ်းခြေစခန်းသာရှိ လက်မှတ်အရောင်းဝန်ထမ်း လူငယ်တစ်ဦးက ပြောပြသည်။



**ရဲဝင်းနိုင် (ညောင်ဦး)**

## ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းဖွင့်ပွဲကျင်းပ

**ကျောက်ဖြူ ဧပြီ ၂၂**

ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၉)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ကျောက်ဖြူမြို့နယ် ဓညဝတီရေတပ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရေတပ်ဌာနချုပ်မှ အရာရှိစစ်သည်နှင့် ရဲမေများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘများ စုစုပေါင်း ၃၀၀ တက်ရောက်ခဲ့သည်။



ဓညဝတီရေတပ်ဌာနချုပ်မှူး ဗိုလ်မှူးကြီး အေးမင်းထွေးက နိုင်ငံတကာမှာ ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍဟာ ကမ္ဘာ့ကုန်သွယ်ရေး၊ ကုန်စည်ထုတ်လုပ်ပို့ဆောင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာ လွှမ်းမိုးကြီးစိုးနေဆဲဖြစ်ကြောင်း၊ ရေကြောင်းကဏ္ဍဟာ နိုင်ငံတစ်နိုင်ရဲ့ စီးပွားရေး၊ ကာကွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတွေမှာ အဓိကကျပြီး နိုင်ငံ့တာဝန် ထမ်းဆောင်ရာတွင် အထူးအရေးပါကြောင်း၊ နိုင်ငံတော်မှလည်း ရေကြောင်းပညာရပ်များအား စိတ်ပါဝင်စားသော လူငယ်လူရွယ်တွေကိုယခုလိုသင်တန်းတွေ နှစ်စဉ် ပို့ချပေးလျက်ရှိပါကြောင်း၊ ရေကြောင်းပညာအခြေခံပညာရပ်များကို လူငယ်လူရွယ်များ စိတ်ပါဝင်စားပြီး အခြေခံပညာရပ်များအား ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရာမှာ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း တိုးတက်မြင့်မားရေးဟာ အရေးပါကြောင်း လူငယ်လူရွယ်များ သိရှိနားလည်စေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုရှိစေရန်၊ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိအောင် အသုံးချတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသူများက ပြခန်းအားလေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ စိတ်ပါဝင်စားသူ ကျောင်းသား ၂၇ ဦး၊ ကျောင်းသူ ၂၃ ဦး စုစုပေါင်း ၅၀ တက်ရောက်ကာ သင်တန်းကာလအား ရက်သတ္တ သုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

## လေကြောင်းလူငယ် အခြေခံသင်တန်းဖွင့်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဧပြီ ၂၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော လေကြောင်းလူငယ်ဟားခါးစခန်း၏ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၉)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့ စစ်ဗျူဟာအဖွဲ့ (အခြေချ)(ဟားခါး) သင်တန်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ် ရုံး (လေ) မှ အရာရှိများ၊ နည်းပြများ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နေမျိုးဇော်နှင့် အရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နေမျိုးဇော်တို့က သင်တန်းဖွင့်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများ လိုက်လံကြည့်ရှုကြသည်။

အဆိုပါ သင်တန်းသို့ ချင်းပြည်နယ်အတွင်း မြို့နယ်ကိုးမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ပြောင်းလဲသင်ကြားမည့် Grade- 3 သင်ရိုးသစ်သင်တန်း မန္တလေးခရိုင်အဆင့် ဖွင့်လှစ်

**မန္တလေး ဧပြီ ၂၂**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပြောင်းလဲသင်ကြားမည့် ဘာသာရပ် ၁၀ ခု ပါဝင်သော အခြေခံပညာ မူလတန်းအဆင့် တတိယတန်း (Grade-3) သင်ရိုးသစ် မန္တလေးခရိုင်အဆင့် သင်တန်းကို ဧပြီ ၂၂ ရက်မှစ၍ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

မန္တလေးခရိုင်ပညာရေးမှူး ဦးခင်မောင်မြင့်က ပြောင်းလဲသင်ကြားမည့် Grade-3 သင်ရိုးသစ်သည် သင်ယူကြမည့်ကလေးများအတွက် သာမက သင်ကြားပေးမည့် ဆရာ ဆရာမများအတွက်ပါ အလွန်အရေးပါလှသဖြင့် ယခုသင်တန်းတွင် ပို့ချသည့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုများအား တိကျသေချာစွာ မှတ်သားလေ့ကျင့်၍ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၇၈ ဦး တက်ရောက်ခဲ့ပြီး နည်းပြ ၄၈ ဦးတို့က ဧပြီ ၂၂ ရက်မှ မေ ၈ ရက် အထိ ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်မှ ပညာရေးစနစ်ကို အလွတ်ကျက်မှတ်သင်ယူခြင်းစနစ်မှ ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် စဉ်းစားဝေဖန် တွေးခေါ်နိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်ခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း အစရှိသည့် အရည်အသွေးများ ရရှိစေရန် ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်မှစ၍ KG၊ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် Grade-1 နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် Grade-2 သင်ရိုးညွှန်းတမ်းများကို သင်ရိုးသစ်များဖြင့် ပြောင်းလဲသင်ကြားပေးခဲ့ပြီး လာမည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် Grade-3 ကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဂီတ၊ ပန်းချီနှင့် ကာယ စသည့် ဘာသာရပ် ၁၀ ခုပါဝင်သော သင်ရိုးသစ်များဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂျပန်နိုင်ငံ Akane(tued) ပညာသင်ဆုဖြင့် အရန်သားဖွားဆရာမသင်တန်းဖွင့်

**ကျောင်းကုန်း မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် ပဉ္စမအကြိမ်မြောက် Akane tued ပညာသင်ဆု စီမံချက်ဖြင့် အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒုချုပ် ဒေါက်တာသန်းထွန်းအောင်တို့က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာ သန်းစိန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြန်မာ-ဂျပန်ဆေးပညာဆိုင်ရာ လူသားအရင်းအမြစ် တိုးတက်မြင့်မားရေး ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း (MJCP) ဥက္ကဋ္ဌ Professor Shigeru Okada က စီမံကိန်းနှင့် ပတ်သက်၍ ယခုအသုတ်သည် နောက်ဆုံးအသုတ် ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။




ထို့နောက် ကျောင်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးနိုင်က သင်တန်းဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်ထားမှုကို ရှင်းလင်းပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗလာစာအုပ် ၁၀ ဒါဇင် နှင့် အချိုရည်ဘူးများ လှူဒါန်းခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၂၀ ကို သင်ကြားပေးမည်ဖြစ်ကာ သင်တန်းကာလမှာ စာတွေ့၊ လက်တွေ့ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# ချင်းမိုင်မြို့၌ မိုးသီးများ များပြားစွာကျ

**ချင်းမိုင် မေ ၂၂**

ယခုနှစ် မတ်လမှစတင်ကာ မေလလယ်အထိ တောင်ယာမီးရှို့မှုကြောင့် မီးခိုးမြူဒဏ်အား ဆိုးရွားစွာ ခံစားကြရသည့် ထိုင်းနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများ၊ မြန်မာနိုင်ငံ သံလွင်အရှေ့ခြမ်းဒေသများတွင် မေ ၂၀ ရက်နှင့် ၂၁ ရက်ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုများကြောင့် မီးခိုးမြူမှုန်များ လျော့နည်း ပပျောက်သွားပြီဖြစ်သည်။

ချင်းမိုင်ဒေသတွင် မေ ၂၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှုများနှင့်အတူ မိုးသီးများ မကြုံစဖူး များပြားစွာကျဆင်းခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ကနီမြို့နယ် စဖိုကြီးရေတံခွန်ကို ခရီးသွားနေရာသစ် ဖော်ဆောင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်

**ကနီ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် စဖိုကြီးရေတံခွန်ကို ခရီးသွားနေရာသစ်အဖြစ် ဖော်ဆောင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

ကနီမြို့နယ် ဆယ်ရွာချောင် မုံပင်ရွာ၏ အနောက်မြောက် တစ်မိုင်ခန့်အကွာရှိ ပုထိုးလုံးချောင်းတွင် နှစ်ဆင့် အမြင့်ပေ ၁၃၀ ရှိ ယမကာရေတံခွန်၊ ပုထိုးလုံးချောင်းဖျားတွင် အမြင့်ပေ ၁၂၀ ရှိ နတ်တံခါးရေတံခွန်နှင့် မဲဒင်ကျေးရွာအုပ်စု စဖိုကြီးကျေးရွာအနီးတွင်ရှိသော စဖိုကြီးရေတံခွန်ဟူ၍ ရေတံခွန် သုံးခုရှိသည်။



စဖိုကြီးရေတံခွန်သည် အလွန်မြင့်မားသော ကျောက်တောင်၊ ကျောက်ဆောင်ကြီးများကြားမှ ရေများစီးကျလာသည့် အမြင့်ပေ ၁၂၀ ခန့်ရှိ သုံးဆင့်ရေတံခွန်ဖြစ်ပြီး ရေတံခွန်ဘေးပတ်လည်တွင် ကျောက်ဖျာ၊ ကျောက်လွှာ၊ ကျောက်တုံး၊ ကျောက်ဆောင်၊ ကျောက်ကမ်းပါးယံမျိုးစုံနှင့်အတူ သဲချောင်းငယ်လေးများကို ကြည်နူးဖွယ် တွေ့ရမည်ဖြစ်သည်။

စဖိုကြီးရေတံခွန်သို့ မေ ၂၀ ရက်က တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးနှင့် ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းတို့အဖွဲ့က ခရီးသွားဒေသသစ်အဖြစ် ဖော်ဆောင်ရန် လိုအပ်သည်များဆောင်ရွက်ကာ မကြာခင်လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"စဖိုကြီးရေတံခွန်က ကနီမြို့နယ် မဲဒင်ကျေးရွာအုပ်စု စဖိုကြီးရွာမှာရှိပါတယ်။ စဖိုကြီးရွာအရှေ့ဘက်မှာ ချင်းတွင်းမြစ်က ကပ်လျက်စီးဆင်းနေပြီး တောင်ဘက်နဲ့ အနောက်တောင်ဘက်တွေမှာ ၁၁၄၂ ပေမြင့်တဲ့ စဖိုကြီးတောင်၊ စပ်ခင်းချောင်တောင်၊ မန်ကျည်းပင်စိန်တောင်တွေ ဝန်းရံနေပါတယ်။ စဖိုကြီးချောင်းဟာ ကနီမြို့နယ် ယာကြီးရွာ အရှေ့မြောက်ဘက် ရေဝေရေလဲ အလုံစိန်ချောင်းဖျားမှာ ချောင်းဖျားခံပြီး စီးဆင်းလာတာ စဖိုကြီးရွာမြောက်ဘက်ကနေ ချင်းတွင်းမြစ်ထဲ စီးဝင်တာဖြစ်ပါတယ်"ဟု ကနီမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

စဖိုကြီးရေတံခွန်သို့ မုံရွာမြို့မှ ယာကြီး-ကလေးဝလမ်းအတိုင်း ကနီမြို့သို့လာပြီး ကနီမြို့အမှတ်(၃)ရပ်ကွက် ကြိုပင်သာဆုတောင်းပြည့်စေတီအနောက်ဘက်ရှိ မဲဒင်ရွာလမ်းအတိုင်း မဲဒင်ရွာမှတစ်ဆင့် စဖိုကြီးရွာသို့ လာရောက်နိုင်သလို ကနီနှင့် ဘုတလင်မြို့နယ် ကနဲဆိပ်ကမ်းတို့မှ အထက်ဘက် ခြောက်မိုင်အကွာ ရေလမ်းခရီးဖြင့်လည်း စဖိုကြီးရွာသို့ အရောက်လာလျှင် စဖိုကြီးရေတံခွန်သို့ ရောက်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မလှိုင်မြို့နယ် ကူနီကျေးရွာ သောက်သုံးရေရရှိစေရန် ဆောင်ရွက်

**မိတ္ထီလာ မေ ၂၂**

မျှဝေခြင်းအစီအစဉ်မှ ကျေးလက်ဒေသများတွင် သောက်သုံးရေ အခက်အခဲမရှိစေရန်အတွက် သောက်သုံးရေ ပြတ်လပ်မှုကြုံတွေ့နေရသည့် ဒေသများသို့ သောက်သုံးရေကန်များ၊ အဝီစိတွင်းများ တူးဖော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကူနီကျေးရွာတွင် သောက်သုံးရေအခက်အခဲကြုံတွေ့နေသဖြင့် ရန်ကုန်တက္ကသိုလ် (၁၉၇၅-၁၉၇၉) သင်္ချာ မေဂျာမှ ကျောင်းသား ကျောင်းသူများ(မျှဝေခြင်းအစီအစဉ်) စုပေါင်း၍ လှူဒါန်းမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) က ဦးဆောင်၍ နှစ်လက်မ စက်ရေတွင်း ခြောက်တွင်း၊ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းများကို ဧပြီလ ပထမပတ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကူနီကျေးရွာတွင် ဒေသခံများ ရာသီမရွေး သောက်သုံးရေ အဆင်ပြေစေရန် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးသလို NGO၊ INGO စသည့် အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသော်လည်း ပူပြင်းခြောက်သွေ့သည့် ယခုလိုအချိန်အခါတွင် မိုးရေစုလှောင်ကန်များမှာ ရေခန်းခြောက်လာသည့်အတွက် သောက်သုံးရေရရှိစေရန် ကျေးရွာနှင့် ပေ ၄၃၀၀ ကျော်ဝေးသည့် ကြက်သွန်စိုက်ခင်းများဆီသို့ နွားလှည်းများဖြင့် သယ်ယူရကြောင်း၊ နွားလှည်းများ မရှိသည့် အိမ်ထောင်စုများမှာ သောက်သုံးရေကို ငါးဂါလန် ရေပုံးတစ်ပုံးကို ငွေ ၁၀၀ ဖြင့် ဝယ်ယူသုံးစွဲလျက်ရှိရာ တစ်နေ့ ငွေကျပ် ၂၀၀၀ ကျော်၊ ၃၀၀၀ နီးပါး ကုန်ကျလျက်ရှိကြောင်း၊ ထိုသို့ အခက်အခဲကြုံတွေ့နေသောကြောင့် ယခုကဲ့သို့ မျှဝေခြင်းအစီအစဉ်ဖြင့် အိမ်တိုင်ရာရောက် သောက်သုံးရေရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အတွက် ကျေးရွာလူထုက အတိုင်းမသိ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း၊ ကျေးရွာအတွင်း သောက်သုံးရေ အမြန်ဆုံးရရှိရေးအတွက် ကျေးရွာလူထုကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦးထံမှ သိရသည်။



**သိန်းမြင့်ကျော်**

# အိုင်ဗရီကို့စ်နိုင်ငံတွင် မြန်မာ့ဆန်များ ဖျက်ဆီးခြင်းခံရသည့်ကိစ္စနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စိစစ်လေ့လာတွေ့ရှိချက်များ ရှင်းလင်း



မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင် သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။

**ရန်ကုန် မေ ၂၂**

အိုင်ဗရီကို့စ်နိုင်ငံတွင် စားသုံးရန်မသင့်ဟုဆိုကာ မြန်မာ့ဆန်များ ဖျက်ဆီးခြင်းခံရသည့် ကိစ္စနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ စိစစ်လေ့လာတွေ့ရှိချက်များ၊ ဖြစ်စဉ်အကြောင်းအရာများအပေါ် သတင်းမီဒီယာနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး မင်္ဂလာခန်းမတွင် ပြုလုပ်သည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က “လတ်တလော ဖြစ်ပေါ်နေတဲ့ကိစ္စအပေါ် အားလုံးသိရှိသင့်တာတွေ သိရှိအောင်၊ အပြည့်အစုံ စုံစမ်းစစ်ဆေးတဲ့ ကိစ္စကတော့ မပြီးသေးပါဘူး။ ဘက်ပေါင်းစုံကနေ စုံစမ်းစစ်ဆေးနေတဲ့ အနေအထားပဲရှိပါသေးတယ်။ စုံစမ်းစစ်ဆေးတဲ့ကိစ္စ မပြီးသေးတဲ့ အနေအထားမှာ ရရှိထားတဲ့အချက်အလက်တွေကို အမြန်ဆုံး ပြည်သူတွေရော၊ စိတ်ဝင်စားတဲ့အဖွဲ့အစည်းတွေ အားလုံးသိရှိဖို့အတွက် သတင်းမီဒီယာရှင်းလင်းပွဲ ပြုလုပ်ရခြင်း ဖြစ်ပါတယ်”ဟု ပြောသည်။

အာဖရိကတိုက်ရှိ အိုင်ဗရီကို့စ်နိုင်ငံသို့ မြန်မာ့ဆန်များ တင်ပို့ခဲ့သည့် ကာလအတွင်းမှာပင် အာဖရိကရှိ နိုင်ငံများသို့

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖



မြန်မာ ယူ-၁၈ အသင်းအား ဗိုလ်စွဲအပြီး တွေ့ရစဉ်။

## မြန်မာ ယူ-၁၈ အသင်း ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိ

**ရန်ကုန် မေ ၂၂**

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက ဟောင်ကောင်၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၈ အသင်းက စင်ကာပူ ယူ-၁၈ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

တစ်ချိန်တည်းကစားသည့်ပွဲတွင် ဗီယက်နမ်အသင်း သရေကျခဲ့သောကြောင့် မြန်မာအသင်းသည် စင်ကာပူအသင်းကို အနိုင်ရရုံဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ နှစ်ပွဲဆက်ရှုံးထားသည့် စင်ကာပူအသင်း၏ ရုန်းကန်မှုကြောင့် မြန်မာအသင်းသည် နိုင်ပွဲရရန် အားကုန်ထုတ်ခဲ့ရသော်လည်း ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။


**စာမျက်နှာ ၄ ကော်လံ ၅ သို့** ❍


SAR PANN AEIN
PRIVATE HIGH SCHOOL
PYIN OO LWIN MYANMAR

ဒေါက်တာကျော်စော၊ဒေါ်မေမျိုးမြတ် B.Sc ( Chem:)
ဦး စီး တည် ထောင် သော

စာပန်းအိမ်

ကိုယ်ပိုင်အထက်တန်းကျောင်း
ပြင်ဦးလွင်မြို့



မေလတန်းခွဲများကို ၆-၅-၂၀၁၉ ရက် (တနင်္လာနေ့)တွင် စတင် သင်ကြားပါမည်။

E-mail : office @ sarpannaein.com website : www. sarpannaein.com/sarpannaein ✆085-2022390, 2023328

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၃၊ ၂၀၁၉ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

သတင်းဆောင်းပါး - ဟန်နီဝင်း၊
ဓာတ်ပုံ - ထိန်နန်နော်

ဖွံ့ဖြိုးသည့်၊ သာယာဝပြောသည့် နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံကို ရည်မှန်းချက်ထားကြိုးပမ်းကြရာတွင် နိုင်ငံတည်ရှိမှု အနေအထား၊ သင့်မြတ်သည့် လူဦးရေနှင့် လုပ်နိုင်ကိုင်နိုင်သည့် စွမ်းပကားများကို ရတနာတစ်ပါးအဖြစ် ပိုင်ဆိုင်ထားကြသည်။

**နိုင်ငံ့စီးပွားခိုင်မာတောင့်တင်းရန်**

သို့သော် ဖွံ့ဖြိုးဆဲ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲ နိုင်ငံတစ်ခုဖြစ်သည့်အတွက် လိုအပ်ချက်များက တည်ရှိနေဆဲဖြစ်သည်။ ရည်မှန်းထားသော ဖွံ့ဖြိုးသည့် နိုင်ငံဖြစ်စေရန်အတွက် နိုင်ငံ့စီးပွားခိုင်မာတောင့်တင်းရန် လိုအပ်နေသည်။ ထို့ကြောင့် စီးပွားရေးကဏ္ဍမှသည် နိုင်ငံအတွက် စွမ်းအားအပြည့်အဝရရှိရန် လက်ရှိအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲလျက်ရှိသည်။

ထိုသို့ ပြောင်းလဲရာတွင် အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်မှု အရှိန်ကောင်းတစ်ခုရရှိအောင် ဦးတည်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း အသစ်ဖွဲ့စည်းခဲ့သည်။

"ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ပိုပြီးအာရုံစိုက်နိုင်အောင်၊ စူးစမ်းလေ့လာနိုင်အောင် ဝန်ကြီးဌာနအသစ် ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ စတင်ဖွဲ့စည်းလိုက်တဲ့ ယခုနှစ်အတွင်းမှာ ရလဒ်ကောင်းတွေ ရရှိနေပြီဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် သံအမတ်ကြီးများ ၂၂-၂-၂၀၁၉ ရက်က ကျင်းပသော ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် လေးလတာကာလကို ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ လေးလတာအတွင်း တိုးတက်မှုရရှိမည့် အခြေအနေကောင်းများကို တာဝန်ယူထားသည့် ဝန်ကြီးဌာနအနေဖြင့် ဖန်တီးဆောင်ရွက်နိုင်ခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများကို ဖန်တီးဆောင်ရွက်လျက်ရှိသည်။


ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း။

**ဖန်တီးပေးနေ**

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စတင်ဖွဲ့စည်းတာဝန်ယူချိန်ကစပြီး သွက်သွက်လက်လက်နဲ့ ပြည်တွင်းပြည်ပမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေလွယ်ကူအောင် ပတ်ဝန်းကျင်သစ်တစ်ခုကို ဖန်တီးပေးနေတာဖြစ်ပါတယ်။ အထူးသဖြင့် မီးမောင်းထိုးတင်ပြချင်တာက One Stop Shop ကို စတင်တည်ထောင်ခဲ့ပါတယ်။ One Stop Shop ဆိုတဲ့နေရာမှာ တစ်နေရာတည်းနဲ့ စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမယ့် ပုဂ္ဂိုလ်တွေအတွက် သူတို့လိုအပ်တဲ့ ခွင့်ပြုချက်ကအစ လုပ်ငန်းလိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိအောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တွေအတွက် လုပ်ငန်းလုပ်ဖို့ လွယ်ကူချောမွေ့မှာ ဖြစ်တဲ့အတွက် ဒါကို ဦးစားပေးဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြောသည်။

> **မီးမောင်းထိုးတင်ပြချင်တာက One Stop Shop ကို စတင်တည်ထောင်ခဲ့ပါတယ်။ One Stop Shop ဆိုတဲ့နေရာမှာ တစ်နေရာတည်းနဲ့ စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမယ့် ပုဂ္ဂိုလ်တွေအတွက် သူတို့လိုအပ်တဲ့ ခွင့်ပြုချက်ကအစ လုပ်ငန်းလိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိအောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တွေအတွက် လုပ်ငန်းလုပ်ဖို့ လွယ်ကူချောမွေ့မှာဖြစ်တဲ့အတွက် ဒါကို ဦးစားပေးဆောင်ရွက်နေတာဖြစ်ပါတယ်**

**ဖွဲ့စည်းဆောင်ရွက်**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းဆောင်ရွက်ရာတွင် ဝန်ထမ်းအသစ်များဖြင့် အစပျိုးဖွဲ့စည်းခြင်းမဟုတ်ဘဲ ဝန်ကြီးဌာနမှ ရည်မှန်းထားသည့် မူဝါဒများကို နားလည်သိရှိကာ လက်ရှိတွင် လုပ်ငန်းများဆောင်ရွက်နေသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မူဝါဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်မည့် ဦးစီးဌာနနှစ်ခုအဖြစ် တည်ရှိနေသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာရန်

အထူးကဏ္ဍ [ ၁ ] သို့ »»




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၈-၁-၂၀၁၉ ရက်က ကျင်းပသော Invest Myanmar Summit 2019 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»» အထူးကဏ္ဍ [ က ] မှ

နိုင်ငံတွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များ အထူးသဖြင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းများ ကြီးမားကျယ်ပြန့်လာရန်နှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန် အဓိကထား ဆောင်ရွက်လျက်ရှိသည်။

**မျက်နှာစာသစ် ဖွင့်လှစ်**

အဆိုပါ ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ မျက်နှာစာသစ်ကို ဖွင့်လှစ်သည့်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် နိုင်ငံကို နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှု ပိုမိုရရှိခဲ့သည့်အပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီများဖွဲ့စည်းကာ လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ဆောင်ရွက်နိုင်ခဲ့သည်။

**အတည်ပြုအမိန့် ထုတ်ပေးထားနိုင်**

"တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်တွေ ဦးဆောင်တဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီတွေ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒီကော်မတီတွေကနေ အမေရိကန်ဒေါ်လာ ငါးသန်းနဲ့ ငါးသန်းအောက်၊ မြန်မာကျပ်ငွေနဲ့ဆိုရင် ငွေကျပ်သန်းခြောက်ထောင်နဲ့ ခြောက်ထောင်အောက်လုပ်ငန်းတွေကို တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုအမိန့် ထုတ်ပေးထားနိုင်ပြီဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဆိုသည်။




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အာဆီယံစီးပွားရေးအသိုက်အဝန်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အခြေအနေကောင်းတစ်ခုရရှိ**

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး အဆိုပါဥပဒေနှင့်အတူ မြန်မာကုမ္ပဏီ အွန်လိုင်းမှတ်ပုံတင်စနစ် (MyCo System - Company Online Registration)ကို တတိယ (၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းဆောင်ရွက်မှုကို ယခင်ကဲ့သို့ အဆင့်ဆင့်လုပ်ဆောင်ရန် မလိုအပ်တော့ဘဲ ပိုမိုရှင်းလင်းလွယ်ကူစွာ လုပ်ဆောင်နိုင်သည့် အခြေအနေကောင်းတစ်ခု ရရှိခံစားနိုင်ပြီဖြစ်သည်။

"ကုမ္ပဏီမှတ်ပုံတင်ကို အွန်လိုင်းကနေ လုပ်ဆောင်နိုင်တာကြောင့် လုပ်ငန်းရှင်တွေအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်ကို ရုံးလာစရာမလိုဘဲ ကိုယ့်ရဲ့ရုံးခန်း၊ အိမ်ခန်းကနေပဲ အဆင်ပြေစွာ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ အရင်က နှစ်တစ်နှစ်အတိုင်းအတာအရ ကုမ္ပဏီမှတ်ပုံတင်တဲ့ အရေအတွက်ဟာ ပျမ်းမျှ ၇၀၀၀ နဲ့ ၈၀၀၀ နီးပါး ရှိပါတယ်။ ယခုကုမ္ပဏီမှတ်ပုံတင် အွန်လိုင်းစနစ် စတင်ကျင့်သုံးတဲ့ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်ကနေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ခုနစ်လတာကာလအတွင်းမှာ

အထူးကဏ္ဍ [ ဂ ] သို့ »»

»» အထူးကဏ္ဍ [ ခ ] မှ

မှတ်ပုံတင်ပြီး ကုမ္ပဏီပေါင်း ၁၂၀၀၀ နီးပါးရှိနေပါပြီ”ဟု ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

**အလွယ်တကူဆောင်ရွက်နိုင်**

“တတိယ (၁)နှစ်တာ ကာလအတွင်းမှာ ဌာနအနေနဲ့ ရုံးခွဲတွေကို တစ်နိုင်ငံလုံးမှာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အရင်က တိုင်းဒေသကြီး/ပြည်နယ်တွေက လုပ်ငန်းရှင်တွေဟာ ရင်းနှီးမြှုပ်နှံချင်ရင်၊ ကုမ္ပဏီမှတ်ပုံတင်ချင်ရင် ရန်ကုန်နဲ့ နေပြည်တော်ရုံးတွေကို သွားလုပ်ကြရပါတယ်။ ယခု တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ရုံးခွဲတွေ ရှိပြီဆိုတော့ စီးပွားရေးလုပ်ငန်းတွေကို အလွယ်တကူဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်” ဟု ၎င်းကဆက်လက်ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် တတိယ (၁) နှစ်တာကာလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှစ် ၂၀ စီမံကိန်းကို ရေးဆွဲနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပွဲများကို ဦးစီးကျင်းပပေးနိုင်ခဲ့ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကို ချိတ်ဆက်မှုများ ရရှိစေခဲ့သည်။

**သိသာထင်ရှားသော ရလဒ်**

အထူးသဖြင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သာမက ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ စီးပွားရေးအခွင့်အလမ်းများရှိသည်ကို သိရှိနားလည်သွားခြင်း၏ သိသာထင်ရှားသော ရလဒ်ဖြစ်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Invest Myanmar Summit 2019 ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ ပြခန်းကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် တတိယ (၁)နှစ်တာကာလ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ် ကာလအတွင်း ကမ္ဘာ့ဘဏ်မှ ဖွံ့ဖြိုးရေးအကူအညီ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကို မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်၊ ကျေးလက်မီးလင်းရေး၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် လျာထားအသုံးပြုရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့

ထိုကဲ့သို့ ရလဒ်ကောင်းများရရှိရန် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာ၌ အကူအညီများ ပေးအပ်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ရာဗဟိုဌာန(Focal Department)အဖြစ် အဓိကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

“UNDP၊ UNICEF၊ UNFPA၊ FAO နဲ့ WFP အစရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်း တစ်ခုချင်းစီရဲ့နိုင်ငံဆိုင်ရာအစီအစဉ် (Country Programme)တွေဟာ ၂၀၁၇ ခုနှစ်မှာ အသီးသီး သက်တမ်းကုန်ဆုံးခဲ့တာဖြစ်တဲ့အတွက် ၂၀၁၈ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာ နိုင်ငံဆိုင်ရာ အစီအစဉ်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေအကြား ညှိနှိုင်းရေးဆွဲနိုင်ခဲ့ပြီး လက်ရှိအချိန်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံစဉ်။

**တိုးတက်လာ**

“ယနေ့ မြန်မာနိုင်ငံမှာ ကုလသမဂ္ဂအဖွဲ့အစည်းတွေက နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ Country Programme တွေရဲ့ အကူအညီပမာဏ အမေရိကန်ဒေါ်လာ ၈၂၂ ဒသမ ၃၇ သန်းခန့်ရှိပြီး ယခင်က ဆောင်ရွက်ခဲ့တဲ့ Country Programme တွေရဲ့ ပမာဏ အမေရိကန်ဒေါ်လာ ၆၇၄ ဒသမ ၉၇ သန်းထက် တိုးတက်များပြားလာပါတယ်။ ဒါဟာ ကုလသမဂ္ဂအဖွဲ့အစည်းတွေအနေနဲ့ ပိုမိုယုံကြည်မှုရှိလာတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်”ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနအနေဖြင့် တတိယ (၁)နှစ်တာကာလ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ် ကာလအတွင်း ကမ္ဘာ့ဘဏ်မှ ဖွံ့ဖြိုးရေးအကူအညီ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကို မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်၊ ကျေးလက်မီးလင်းရေး၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် လျာထားအသုံးပြုရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

“ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံမှာ အဓိကအကူအညီပေးနေတဲ့ ကဏ္ဍတွေကတော့ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်၊ ကျေးလက်မီးလင်းရေး၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးတို့ပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ကနေ ၂၀၁၈ နဲ့ ၂၀၁၉ ခုနှစ် (၂) နှစ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကို သုံးစွဲဖို့ လျာထားသတ်မှတ်ထားတဲ့အတွက် ခုနက ပြောခဲ့တဲ့ ကဏ္ဍတွေမှာ ထိထိရောက်ရောက် အသုံးပြုနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က

အထူးကဏ္ဍ [ ဃ ] သို့ »»




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Invest Myanmar Summit 2019 ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာပြခန်းကို ကြည့်ရှုအားပေးစဉ်။

»»» အထူးကဏ္ဍ [ ၁ ] မှ

ရှင်းပြသည်။

အလားတူ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ချေးငွေ Consessional OCR အဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ၊ Co-Financing အဖြစ် အမေရိကန်ဒေါ်လာ သန်း ၁၇၀၊ နည်းပညာအကူအညီအနေဖြင့် Technical Assistance Special Fund မှ အမေရိကန်ဒေါ်လာ သန်း ၂၀ နှင့် Co-Financing အဖြစ် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၅ သန်း လျာထား အကူအညီရရှိရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ငွေကြေးပမာဏ သတ်မှတ်ချက်မှာ လျာထားဖော်ပြချက်ဖြစ်ပြီး အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်တွင် သက်ဆိုင်ရာဌာနများနှင့် အသေးစိတ် ထပ်မံညှိနှိုင်းဆောင်ရွက်ရကြောင်း အဆိုပါဦးစီးဌာနမှ သိရှိရသည်။

**စတင်ဝင်ရောက်ခဲ့**

"ADB ရဲ့ဦးစားပေးနယ်ပယ်တွေက သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ မြို့ပြနှင့်ရေရရှိရေးစတဲ့ အခြေခံအဆောက်အအုံ၊ ပညာရေးနဲ့ လေ့ကျင့်သင်ကြားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါတယ်။ ယခုဆိုရင် မြန်မာနိုင်ငံဟာ တောင်အာရှဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(South Asia Subregional Economic Cooperation-SASEC) အစီအစဉ်မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့ပါတယ်။

"ဒါ့အပြင် အခြားသော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွေဖြစ်တဲ့ မဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(Greater Mekong Subregion- GMS)၊ လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (Lancang-Mekong Cooperation-LMC)စတဲ့ အစီအစဉ်တွေမှာ တခြားအဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

"EU ကနေ နိုင်ငံရဲ့ပညာရေးကဏ္ဍ အရည်အသွေး တိုးတက်မြင့်မားလာရေးအတွက် အကူအညီ ယူရို ၂၂၁ သန်း ပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ် အစောပိုင်းမှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပြီးခဲ့တဲ့အပတ်က စာချုပ်ချုပ်ဆိုလဲလှယ်တဲ့ အခမ်းအနားကို ဝန်ကြီးဌာနမှာ ကျင်းပခဲ့ပါတယ်။

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

"ပညာရေး၊ ကျန်းမာရေးနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် စီမံကိန်းတွေကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

"နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းပညာတွေ လိုအပ်ပါတယ်။ စီးပွားရေးတိုးတက်မှုရဖို့၊ ဘဏ္ဍာရေး အခြေအနေကောင်းမွန်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုရရှိဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မှာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆန္ဒရှိပေမယ့် နည်းပညာနဲ့အတတ်ပညာတွေ လိုအပ်တဲ့အတွက် နိုင်ငံတကာနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့နည်းပညာ၊ ငွေကြေးအကူအညီတွေ ရရှိအောင်၊ ODA Loan တွေ ရရှိအောင် ဆောင်ရွက်နေပါတယ်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ထိရောက်မြန်ဆန်ချောမွေ့မည့် လုပ်ငန်းစဉ်များကို ထူထောင်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့ရန် ဟန်ချက်ညီညီ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်လျက်ရှိ**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်။

**တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင်**

"ကျွန်တော်တို့နိုင်ငံက အာဆီယံဒေသတွင်းနဲ့ နိုင်ငံတကာမှာ တက်တက်ကြွကြွ ဆောင်ရွက်တဲ့အခါ အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင် ဆိုတဲ့အတိုင်း ဆောင်ရွက်နေပါတယ်။ စီးပွားရေးအပိုင်းမှာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နေပါတယ်။ ပြည်သူတွေအနေနဲ့ တိုးတက်မှုရဲ့ ခံစားခွင့်တွေ ရရှိအောင်၊ လူနေမှုအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဝန်ကြီးဌာနအနေဖြင့် မူဝါဒထားရှိ ဆောင်ရွက်လျက်ရှိသည့်အပေါ် ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် စတင်ဖွဲ့စည်းသည့်အချိန်မှစတင်ကာ နိုင်ငံ့စီးပွားရေး တိုးတက်မှုအရှိန်ကောင်းတစ်ခုရရှိအောင် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ထိရောက်မြန်ဆန်ချောမွေ့မည့် လုပ်ငန်းစဉ်များကို ထူထောင်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့ရန် ဟန်ချက်ညီညီ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ

**တွေ့ဆုံမေးမြန်း - ကေကေ၊ ခတ်ပုံစုစည်း - အေးသန်း**


ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တတိယ (၁) နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများအပါအဝင် လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည် -

**မေး။ ။ တတိယ (၁) နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘယ်လိုလုပ်ငန်းတာဝန်တွေ ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မြန်မာနိုင်ငံတော်ဥပဒေအသစ်အရ ၂၀၁၃ ခုနှစ်ကစပြီး သီးခြားရပ်တည်လာတဲ့ အဖွဲ့အစည်းဖြစ်လာခဲ့ပါတယ်။ ငွေကြေးတည်ငြိမ်ရေး (Monetary Stability)၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး (Financial System Stability)၊ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေး (Payment and Settlement System Development) တို့ကို အဓိကရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ ရည်ညွှန်းငွေလဲလှယ်နှုန်းနဲ့ပတ်သက်ပြီး ဈေးကွက်ကို ထင်ဟပ်စေတဲ့ ငွေလဲလှယ်နှုန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကစပြီး သတ်မှတ်ခဲ့ပါတယ်။ နိုင်ငံတော်ဘဏ် သုံးခု၊ ပုဂ္ဂလိကဘဏ် ၁၉ ခု၊ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခုတို့ကို နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားခွင့်ပြုတဲ့ လိုင်စင်ကို ထုတ်ပေးထားပါတယ်။

ဒီဘဏ်တွေအနေနဲ့ နိုင်ငံခြားဘဏ်တွေမှာ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာတွေနဲ့ စာရင်းဖွင့်ခွင့်အပြင် Letter of Credit ဖွင့်ခြင်းကို ဆောင်ရွက်ခွင့်ရှိပါတယ်။ ဒါ့အပြင် Letter of Credit ဖွင့်ခြင်းကို ဂျပန်ယန်းငွေနဲ့ တရုတ်ယွမ်ငွေတို့ ဖွင့်ခွင့်ပေးထားပါတယ်။ Money Exchange Counter တွေမှာ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာအပြင် ထိုင်းဘတ်နဲ့ မလေးရှားရင်းဂစ်တွေနဲ့ လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားပါတယ်။

**မေး။ ။ ဗဟိုဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာကျပ်ငွေနဲ့သာ အသုံးပြုဖို့ ညွှန်ကြားချက်ထုတ်ခဲ့တာကိုလည်း သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ နိုင်ငံရဲ့တရားဝင်ငွေကြေး မြန်မာကျပ်ငွေကိုသာ အသုံးပြုစေချင်တဲ့အတွက် မြန်မာကျပ်ငွေနဲ့ပေးချေဖို့၊ မြန်မာကျပ်ငွေနဲ့သာ ဈေးနှုန်းသတ်မှတ်ဖို့အတွက် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ် အသိပေးခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး / ပြည်နယ်အစိုးရတွေကို ထပ်မံအကြောင်းကြား အသိပေးခဲ့ပါတယ်။ ဗဟိုဘဏ်လက်အောက်မှာရှိတဲ့ အဖွဲ့အစည်းတွေကိုလည်း ညွှန်ကြားပေးဖို့ အကြောင်းကြားခဲ့ပါတယ်။

ဒါ့အပြင် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကာလတိုနိုင်ငံခြားငွေ လိုအပ်ရင် ဖြည့်ဆည်းပေးနိုင်ဖို့ ငွေကြေးဖလှယ်မှုအစီအစဉ် (Currency Swap)ကို စီစဉ်ပေးထားပြီး နိုင်ငံတော်ရဲ့ ငွေကြေးစနစ်အပေါ် ပြည်သူတွေ အယုံအကြည် ပျက်ပြားစေတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းကို မတည်မငြိမ်ဖြစ်အောင် ဈေးကစားခြင်းကို ဘယ်လိုနည်းလမ်းနဲ့မဆို ဆောင်ရွက်ခြင်းမပြုလုပ်ဖို့ ညွှန်ကြားချက်ကို ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ထားပါတယ်။

**မေး။ ။ ဒါနဲ့ဆက်စပ်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးကို အထောက်အကူပြုဖို့အတွက် ဥပဒေပြင်ဆင်နေတဲ့အပိုင်းကို သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးကို ပိုပြီး အထောက်အကူပြုဖို့အတွက် ၂၀၁၂ ခုနှစ်မှာ ရေးဆွဲခဲ့တဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်ဖို့ စီစဉ်နေပါတယ်။ Monetary Gold နဲ့ Local Gold တွေကို သေချာစွာနဲ့ အဓိပ္ပာယ်ဖွင့်ဆိုစေချင်ပါတယ်။ မြန်မာနိုင်ငံနဲ့ အသင့်လျော်ဆုံးဖြစ်မယ့် ဥပဒေ၊ နည်းဥပဒေတွေ ထွက်လာဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံခြားကို မြန်မာနိုင်ငံက ပို့ကုန်တင်ပို့ခြင်းကနေ ရရှိတဲ့ငွေ (Export Proceed) အားလုံးကို မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဘဏ်နဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ သီးခြားရပ်တည် တည်ရှိလာတဲ့ ၂၀၁၃ ခုနှစ်ကတည်းက ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအလေးပေးပြီး ဆောင်ရွက်ခဲ့ပါ

အထူးကဏ္ဍ [ စ ] သို့ »»

> မြန်မာနိုင်ငံမှာ နိုင်ငံရဲ့တရားဝင်ငွေကြေး မြန်မာကျပ်ငွေကိုသာ အသုံးပြုစေချင်တဲ့အတွက် မြန်မာကျပ်ငွေနဲ့ပေးချေဖို့၊ မြန်မာကျပ်ငွေနဲ့သာ ဈေးနှုန်းသတ်မှတ်ဖို့အတွက် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်အသိပေးခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး / ပြည်နယ်အစိုးရတွေကို ထပ်မံအကြောင်းကြား အသိပေးခဲ့ပါတယ်။ ဗဟိုဘဏ်လက်အောက်မှာရှိတဲ့ အဖွဲ့အစည်းတွေကိုလည်း ညွှန်ကြားပေးဖို့ အကြောင်းကြား


နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံကို တွေ့ရစဉ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေကြစဉ်။




နိုင်ငံခြားငွေကြေးလဲလှယ်ရေးကောင်တာ တစ်ခုကို တွေ့ရစဉ်။

»» အထူးကဏ္ဍ [ င ] မှ

တယ်။ ယခုအခါ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်နဲ့ ဘဏ်ခွဲ ၁၈၀၀ ကျော်၊ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခု၊ ကိုယ်စားလှယ်ရုံး ၄၄ ခုရှိပါတယ်။ ဒီနှစ်အတွင်းမှာ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲနဲ့ လက်အောက်ခံဘဏ် (Subsidiaries) တွေ ခွင့်ပြုပေးဖို့စီစဉ်နေပါတယ်။

ငွေရေးကြေးရေးဆိုင်ရာ နည်းပညာ (Financial Technology)တွေ တိုးတက်လာတာနဲ့အမျှ Internet Banking, Mobile Banking နဲ့ Mobile Financial Services ဝန်ဆောင်မှုတွေလည်း တိုးတက်လျက်ရှိပါတယ်။ ဒီလိုဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ဘဏ်တွေအားလုံးအနေနဲ့ Core Banking System ရှိဖို့ လိုအပ်ပါတယ်။ တချို့ဘဏ်လုပ်ငန်းနဲ့ လက်လှမ်းမမီတဲ့ နေရာတွေမှာ ပြည်သူတွေအတွက် ဘဏ်တွေနဲ့ Financial Technical Services Providers တွေ ပူးပေါင်းပြီး မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု(Mobile Banking Services)တွေ ပိုမိုပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်း(NBFIs)တွေ၊ ငွေလဲကောင်တာ (Money Changers)တွေ၊ Mobile Network Operators - MNO တွေအနေနဲ့ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျ လိုက်နာပြီး ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေရဲ့ စာရင်းဇယားတွေကို ဗဟိုဘဏ်ကို မပျက်မကွက်ပေးပို့ဖို့ လိုအပ်ပါတယ်။

**မေး။ ။ဘဏ်လုပ်ငန်း အားကောင်းခိုင်မာဖို့ ဆောင်ရွက်နေတာတွေကို ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ ၂၀၁၃ ခုနှစ်ကစပြီး ညွှန်ကြားချက် ၈၀ ကျော် ၉၀ နီးပါး ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဗဟိုဘဏ်က ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်တွေဟာ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့အညီဖြစ်စေဖို့ ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ဖွင့်လှစ်လျက်ရှိတဲ့ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခုဟာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိကျစွာ လိုက်နာလျက်ရှိပါတယ်။

မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ စည်းမျဉ်း၊ ရရန်ပိုင်ခွင့် အမျိုးအစားသတ်မှတ်ခြင်းနဲ့ လျာထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်း၊ ငွေကြေးလွယ်ကူမှု အချိုးသတ်မှတ်ခြင်းဆိုင်ရာ စည်းမျဉ်းတွေကို ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာအားကောင်းစေဖို့ ချမှတ်ခဲ့ပါတယ်။ ဘဏ်တွေအနေနဲ့ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျ လိုက်နာဆောင်ရွက်ပေးဖို့ လိုပါတယ်။

ပြီးတော့ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုပြီး နိုင်ငံတကာအဆင့်အတန်းမီဖြစ်ဖို့အတွက် သင့်လျော်တဲ့ မှန်ကန်မှုရှိခြင်းဆိုင်ရာ ညွှန်ကြားချက် (Directive on Fit and Proper Criteria)၊ ဘဏ်ရဲ့ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက် (Directive on Directors of Bank)၊ ပြင်ပစာရင်းစစ်များဆိုင်ရာ ညွှန်ကြားချက် (Directive on External Auditors of Banks)၊ ဆက်နွှယ်သူများဆိုင်ရာ ညွှန်ကြားချက် (Relative Parties Directive)၊ အဓိကကျတဲ့ အကျိုးစီးပွားရယူခြင်းဆိုင်ရာ ညွှန်ကြားချက်(Directive on Acquisition of Substantial Interest) စတဲ့ ညွှန်ကြားချက် ၅ ခုကို ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

ဘဏ်တွေကို ကြီးကြပ်စစ်ဆေးရာမှာ ဘဏ်တွေကို သွားရောက်စစ်ဆေးခြင်း(On-

အထူးကဏ္ဍ [ ဆ ] သို့ »»

»»» အထူးကဏ္ဍ [ ၈ ] မှ

Site Examination)နဲ့ ဘဏ်တွေက အစီရင်ခံစာတွေကို စစ်ဆေးခြင်း(Off-Site Examination)တွေကို ဆောင်ရွက်တဲ့အခါ ဆုံးရှုံးနိုင်ခြေကို အခြေခံပြီးစစ်ဆေးခြင်း (Risk-based Supervision)ကို နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စံသတ်မှတ်ချက်နဲ့ အညီ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေထုတ်ပြန်မှုကို သိပါရစေရှင့်။**

ဖြေ။ ။ National Payment and Settlement Governing Committee ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃ ရက်မှာဖွဲ့စည်းပြီး နိုင်ငံတော်ငွေပေးချေမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ Central Bank of Myanmar Financial Network System (CBM - Net) ကို JICA အကူအညီနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ CBM - Net နဲ့ ပမာဏကြီးမားတဲ့ ငွေပေးချေမှုတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခုအခါ Credit Card, Debit Card နဲ့ Prepaid Card တွေကို တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်ပါတယ်။ Quick Reference -QR Code ကို Standardized ဖြစ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ WeChat အသုံးပြုမှုကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သုံးလတာ စမ်းသပ်လျက်ရှိပါတယ်။

ဗဟိုဘဏ်က နှစ်ချုပ်အစီရင်ခံစာကို ထုတ်ပြန်လျက်ရှိပြီး သုံးလတစ်ကြိမ် ငွေရေးကြေးရေး စာရင်းအင်းအစီရင်ခံစာ (Quarterly Financial Statistics Bulletin)ကို ထုတ်ပြန်လျက်ရှိပါတယ်။ ငွေကြေးမူဝါဒ အစီရင်ခံစာ(Monetary Policy Report) ကို ထုတ်ပြန်ပါတယ်။ ဒီအစီရင်ခံစာတွေကို ဗဟိုဘဏ်ရဲ့ Website မှာ တင်ထားပေးတယ် ဆိုတဲ့ အကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

**မေး။ ။ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလုပ်ကိုင်နိုင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေကနေ နည်းပညာအကူအညီ ပံ့ပိုးမှုတွေကို သိပါရစေရှင့်။**

အထူးကဏ္ဍ [ ၉ ] သို့ »»»



မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးကျင်းပစဉ်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ သီးခြားရပ်တည် တည်ရှိလာတဲ့ ၂၀၁၃ ခုနှစ်ကတည်းက ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအလေးပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်နဲ့ ဘဏ်ခွဲ ၁၈၀၀ ကျော်၊ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခု၊ ကိုယ်စားလှယ်ရုံး ၄၄ ခုရှိပါတယ်။ ဒီနှစ်အတွင်းမှာ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲနဲ့ လက်အောက်ခံဘဏ်(Subsidiaries)တွေ ခွင့်ပြုပေးဖို့စီစဉ်နေ**



မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ငွေများစစ်ဆေးရေတွက်နေကြစဉ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

ဖြေ။ ။ဗဟိုဘဏ်လုပ်ငန်းတွေဆောင်ရွက်ရာမှာ နိုင်ငံတကာ ငွေရေးကြေးရေး အဖွဲ့အစည်းတွေဖြစ်တဲ့ IMF၊ ADB နဲ့ World Bank တို့နဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (SEACEN Centre) နဲ့လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ဆီကနေ ကျွန်တော်တို့ သိရှိလိုတဲ့ လုပ်ငန်းပိုင်းဆိုင်ရာနဲ့ နည်းပညာဆိုင်ရာတွေကို အမြဲတမ်းဆွေးနွေးတိုင်ပင်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ IMF ဌာနေကိုယ်စားလှယ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန(Bank Supervision)၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊ ဘဏ်တွင်းစာရင်းစစ်ဌာန (Internal Audit)နဲ့ ငွေကြေးမူဝါဒဌာနတွေမှာ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိတဲ့ IMF Long Term Advisors တွေဆီကနေ အကြံဉာဏ်တွေရယူခြင်း၊ သူတို့နဲ့ လုပ်ငန်းဆိုင်ရာတွေ ဆွေးနွေးခြင်းနဲ့ အတွေ့အကြုံတွေ ဖလှယ်ခြင်းတို့ကို ပြုလုပ်ကြပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတွေက ဗဟိုဘဏ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီး ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံတွေဖလှယ်ခြင်း၊ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်ခြင်းမျိုးတွေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းတွေက ကျွမ်းကျင်သူတွေနဲ့ ဆက်သွယ်ပြီး ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။နောက်ဆုံးအနေနဲ့ ငွေကြေးမူဝါဒ အကောင်အထည်ဖော်မှုကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ငွေကြေးမူဝါဒကို အကောင်အထည်ဖော်တဲ့နေရာမှာ နိုင်ငံရဲ့စီးပွားရေးအခြေအနေနဲ့ လိုက်လျောညီထွေရှိတဲ့ သီးသန့်ငွေကြေးပမာဏ(Reserve Money)ကို ရည်မှန်းသတ်မှတ်ပြီး ရည်မှန်းပမာဏရရှိအောင် ထိန်းကျောင်းတဲ့ငွေကြေးမူဝါဒမူဘောင် (Reserve Money Targeting Monetary Policy Framework)ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။

ရည်မှန်းသတ်မှတ်ထားတဲ့ သီးသန့်ငွေကြေးပမာဏ (Targeted Reserve Money) ကိုရရှိအောင် ထိန်းသိမ်းရာမှာ အသုံးပြုတဲ့ ငွေကြေးမူဝါဒနည်းလမ်းတွေ (Monetary Policy Instruments)က အတိုးနှုန်း(Interest Rate) မူဝါဒ၊ ဘဏ်တွေရဲ့ ဗဟိုဘဏ်မှာထားရှိရမယ့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) သတ်မှတ်ခြင်းနဲ့ ငွေရေးကြေးရေးဈေးကွက်မှာ အရောင်းအဝယ်ပြုလုပ်ခြင်း (Open Market Operation)တို့ ဖြစ်ပါတယ်။

နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ငွေကြေးမူဝါဒနည်းလမ်းအသစ်တွေကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)နဲ့ ညှိနှိုင်းပြီး အမြဲတမ်းသုံးသပ်လျက်ရှိပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။**

**ဗဟိုဘဏ်လုပ်ငန်းတွေဆောင်ရွက်ရာမှာ နိုင်ငံတကာ ငွေရေးကြေးရေး အဖွဲ့အစည်းတွေဖြစ်တဲ့ IMF၊ ADB နဲ့ World Bank တို့နဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (SEACEN Centre)နဲ့လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ဆီကနေ ကျွန်တော်တို့ သိရှိလိုတဲ့ လုပ်ငန်းပိုင်းဆိုင်ရာနဲ့ နည်းပညာဆိုင်ရာတွေကို အမြဲတမ်းဆွေးနွေးတိုင်ပင်။**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတွေက ဗဟိုဘဏ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီး ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံတွေ ဖလှယ်ခြင်း၊ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို ပုံမှန်ဆောင်ရွက်**




မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ နိုင်ငံတကာငွေကြေးများ ပြခန်းကို တွေ့ရစဉ်။